မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာ နာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**



အမှတ်(၁) ဘိလပ်မြေစက်ရုံ (တန်-၉၀၀)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘားအံမြို့နယ်ရှိ အမှတ်(၁) ဘိလပ်မြေစက်ရုံ(တန်-၉၀၀)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိမိဒေသငြိမ်းချမ်းမှ မိမိတို့၏ မိသားစုလူနေမှုဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ ဒေသအသီးသီးလည်း အဆင့်မြင့်တိုးတက်လာမည်ဖြစ်၍ ငြိမ်းချမ်းရေးကို ဝိုင်းဝန်းထိန်းသိမ်း

တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု၊ သည်းခံခွင့်လွှတ်မှု စိတ်စေတနာများဖြင့် ထာဝရငြိမ်းချမ်းရေးအဆင့်သို့ တက်လှမ်းရောက်ရှိရေး ဆက်လက်တည်ဆောက်

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ်အတွင်းရှိ အမှတ်(၁) ဘိလပ်မြေစက်ရုံ(တန်-၉၀၀)နှင့် အမှတ်(၂) ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)တို့၏ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စက်တပ်ဆင်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် (တန်-၉၀၀) ဘိလပ်မြေစက်ရုံ၏ ကျောက်ခွဲစက်၊ ကုန်ကြမ်းကြိတ်စက်(Raw Mill)၊ ကြိုတင်အပူပေးစင်မြင့် (Preheater)၊ လျှပ်ငြိမ်အမှုန်ဖမ်းစက် E.P(Electrostatic Precipitator)နှင့် လည်ပတ်မီးသင်းဖို (Rotory-kiln)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် (တန်-၄၀၀၀) ဘိလပ်မြေစက်ရုံ၏ AQC (ကလင်ကာအအေးခံသည့်စက်) နှင့် Waste Heat Boiler & Generator တည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတအား အမှတ်(၁) ဘိလပ်မြေစက်ရုံ(တန်-၉၀၀)စက်ရုံမှူးနှင့် အမှတ်(၂) ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)စက်ရုံမှူးတို့က စက်ရုံ၏ ကုန်ထုတ်လုပ်မှုနှင့်တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စက်တပ်ဆင်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အရည်အသွေးမှန်မှန် ထုတ်လုပ်နိုင်ရေး၊ အလေအလွင့်မရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက်)

အာဆီယံအသိုက်အဝန်း တည်ထောင်ရေးရည်မှန်းချက် အဖွဲ့ဝင်နိုင်ငံများ စည်းလုံးညီညွတ်စွာ လက်တွဲဖော်ဆောင်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ကြီးကို တည်ထောင်လာခဲ့သည်မှာ ယခုအခါ (၄၄)နှစ်ပြည့်ပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

အာဆီယံသည် မူလအဖွဲ့ဝင်ငါးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့ဖြင့်စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံသည်လည်းကောင်း၊ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသည် လည်းကောင်း၊ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် လာအိုနှင့် မြန်မာနိုင်ငံသည် လည်းကောင်း၊ ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံသည် လည်းကောင်း အဖွဲ့ဝင်နိုင်ငံများ အသီးသီးဖြစ်လာကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ကြီးတည်ထောင်ခြင်း (၄၄)နှစ်မြောက် အာဆီယံအထိမ်းအမှတ်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာတွင် "(၄၄) နှစ်မြောက် အာဆီယံနေ့ နှစ်ပတ်လည်အခါသမယတွင် အာဆီယံအလံ လွှင့်ထူပွဲအခမ်းအနားများကို နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များ မတူညီကွဲပြားခြားနားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပနိုင်ခဲ့ခြင်းသည် ထူးခြားသော အခွင့်အရေးတစ်ရပ်အဖြစ် ပြသလျက်ရှိပြီး ကွဲပြားခြားနားသော်လည်း စည်းလုံးညီညွတ်မှုရှိသည် ဟူသည့် ယခုနှစ်ဆောင်ပုဒ်ကို ထင်ဟပ်စေပါသည်" ဟု ဖော်ပြပါရှိထားသည်။

အာဆီယံအဖွဲ့ကြီးသည် အရှေ့တောင်အာရှ ဒေသတွင်းရှိ နယ်မြေအကျယ်အဝန်းတွင်ရှိ ပြည်သူများကို စည်းလုံးညီညွတ်စွာဖြင့် ကိုယ်စားပြုလျက်ရှိကြောင်း ဖော်ညွှန်းလျက်ရှိသည်။

တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောသွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူဆိုးဖက်အသိုက်အဝန်းဟူသည့် သဘောထားကို ရည်မှန်းထားရှိပြီး ၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အားလုံးအကျိုးရှိစေမည့် အဓိကမဏ္ဍိုင်ကြီး (၃)ခုဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း (၃)ခုတည်ဆောက်နေစဉ်အတွင်း လူထုအကျိုးကိုလိုလားသော၊ လူထုကိုဗဟိုပြုသော၊ စည်းမျဉ်းများကိုအခြေခံသော အာဆီယံသို့ ဦးတည်ကာ မိမိတို့အလေးထား လုပ်ဆောင်သွားကြမည်ဟု ကတိကဝတ်ထားရှိကြောင်းကိုလည်း သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးနှင့် ကြီးပွားချမ်းသာရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လက်တွဲ၍ ဆောင်ရွက်သွားခြင်းဖြင့် စည်းလုံးညီညွတ်၍ သာယာဝပြောသည့် အာဆီယံအသိုက်အဝန်းတည်ထောင်ရေး ရည်မှန်းချက်သို့ အောင်မြင်စွာ ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စပါးစိုက်ပျိုးနည်း ဘုတ်ပြင်းမြို့နယ်၌ သရုပ်ပြ

ဘုတ်ပြင်း ဩဂုတ် ၈

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရာသီတွင် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ကျော်ဇေယျစပါးမျိုးများ စိုက်ပျိုးသရုပ်ပြပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ကမာချောင်းအုပ်စု ကွင်းအမှတ်(၈၂၂)၊ ဦးပိုင်အမှတ် (၉၂) တောင်သူဦးစံသိန်း၏ လယ်မြေငါးကေ၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

အဆိုပါ သရုပ်ပြစိုက်ပျိုးပွဲတွင် ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်တင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ်မန်နေဂျာ ဦးအောင်မိုးလွင်က မျိုးကောင်း၊ မျိုးသန့်ပြောင်းလဲစိုက်ပျိုးရေး၊ တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးခြင်းကို သရုပ်ပြရှင်းလင်းခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေတူးစက်ဖြင့် လမ်းဘေးရေမြောင်းတူးဖော်ဆောင်ရွက်နေမှုကို ဇူလိုင် ၁၃ ရက်က တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ငါးသားပေါက်များပေးအပ်ပွဲ ကျောင်းကုန်းမြို့နယ်၌ ကျင်းပ

ကျောင်းကုန်း ဩဂုတ် ၈

ကျောင်းကုန်းမြို့နယ်အတွင်း ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများအား ငါးသားပေါက်များ ပထမအကြိမ်ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာရှိ ဦးစန်းဝင်း၏ ငါးကန်၌ ကျင်းပသည်။

အခမဲ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်တစ်ပိုင်တစ်နိုင်ငါးမွေးမြူသူများ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးသိန်းဦး၊ မြို့နယ်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက တစ်ပိုင်တစ်နိုင်ငါးမွေးမြူသူများအား ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၆၀၀၀ ကို ကန်ငါးကန် (သုံးဧက)အတွင်း ထည့်သွင်းမွေးမြူရန် အခမဲ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်ငါးလုပ်ငန်းဦးစီး)

တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၄၆၁ နေ မိခင်ကြီး ဒေါ်စိန်မေအား အမှူးထား၍ မခင်မထွေး မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၂၁၀၀၀၀ လှူဒါန်းရာ ဒေါက်တာဒေါ်သီတာလှိုင်နှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မိုးစပါးစိုက်ပျိုးမှုထွန်တုံးပိတ်ပွဲ နမ့်ခမ်းမြို့နယ်၌ ကျင်းပ

နမ့်ခမ်း ဩဂုတ် ၈

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ခုနှစ် မိုးစပါးစိုက်ပျိုးမှု ထွန်တုံးပိတ်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက တောင်သူ ဦးကန့်ခမ်း၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက မြို့နယ်အတွင်းမိုးစပါးစိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး မူဆယ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးသန်းငွေက စိုက်ပျိုးပြီး မိုးစပါးစိုက်ခင်းများတွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက ကောက်စိုက်လုံမေများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များချီးမြှင့်သည်။အခမ်းအနားသို့ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တွေ့ဆုံမှာကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

● *ရွှေဖုံးမှ*

အမှတ်(၁)ဘိလပ်မြေစက်ရုံ (တန်-၉၀၀)သည် ၁၉၈၃ခုနှစ်က တည်ဆောက်ခဲ့ပြီး တည်ဆောက်စဉ်က စက်စွမ်းအားမှာ တစ်ရက်လျှင် မီးသင်းကျောက် (Clinker) (တန်-၈၀၀) ထွက်ရှိသည်။ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ စက်စွမ်းအား ကျဆင်းလာရာ တစ်ရက်လျှင် (တန်-၅၅၀-၆၀၀)သာထွက်ရှိတော့သဖြင့် ၂၀၁၀-၂၀၁၁ခုနှစ်တွင် တစ်ရက်လျှင် မီးသင်းကျောက် (တန်-၉၀၀)ကျ အဆင့်သို့ တိုးမြှင့်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမှတ်(၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)သည် တည်ဆောက်ခဲ့စဉ်က နည်းပညာနှင့်ဒီဇိုင်းအရ မီးသင်းကျောက်များကို အအေးခံသည့်အပိုင်း (AQC) သည် အပူဒဏ် မြင့်မားစွာခံခဲ့ရသည့်အတွက် အတွင်းရှိသံထည်များ ထိခိုက်နေသဖြင့် ၂၀၁၀ ပြည့်နှစ်တွင် AQC ဒီဇိုင်းအသစ်ကို ပြင်ဆင်လဲလှယ်တပ်ဆင်ခဲ့ရာ ယခုပြီးစီးသွားသည့်အတွက် ယခင်ထက် ချောမွေ့စွာ စဉ်ဆက်မပြတ်ကုန်ထုတ်နိုင်ပြီဖြစ်သည်။

ပိုမိုအသုံးပြုနိုင်

(တန်-၄၀၀၀) ကျ ဘိလပ်မြေစက်ရုံ၏ မီးသင်းဖိုသည် မီးသင်းကျောက် ထုတ်လုပ်ရာတွင် အပူချိန် ၁၃၀၀ C ခန့် အသုံးပြုရပြီး ယင်းမှ အပူများအား စွန့်ပစ်ရလျက်ရှိရာ ယင်းစွန့်ပစ်အပူကို အသုံးပြု၍ ရေနွေးငွေ့ဘွိုင်လာအား လည်ပတ်စေကာ လျှပ်စစ်ဓာတ်အား ၆ ဒသမ ၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယင်းလျှပ်စစ်ဓာတ်အားကို စက်ရုံ၌ ပြန်သုံးခြင်းဖြင့် လက်ရှိ သထုံမှရယူနေသော လျှပ်စစ်ဓာတ်အားထဲမှ ၅ ဒသမ ၈ မဂ္ဂါဝပ်ကို National Grid သို့ ပြန်ပေးနိုင်မည်ဖြစ်ပြီး ဒေသတွင်း လျှပ်စစ် ပိုမိုအသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ ဇွဲကပင်အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယသမ္မတအား ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းက ကရင်ပြည်နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်မှု၊ ကရင်ပြည်နယ် ဖွဲ့စည်းမှု၊ အိမ်ခြေ၊ အိမ်ထောင်စု လူဦးရေနှင့် မျိုးနွယ်စုအလိုက် နေထိုင်မှုအခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြပြီးနောက် ကရင်ပြည်နယ်အတွင်း မြေယာအသုံးချမှု၊ အဓိကသီးနှံ (၁၀)မျိုး စိုက်ပျိုးမှု၊ ဒေသဝမ်းစာ ဆန်ဖူလုံမှုနှင့် ဆီဖူလုံမှု၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရေး အကောင်အထည်ဖော်နိုင်မှု၊ ၂၀၁၀-၂၀၁၁ ခုနှစ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီအတွက် ရော်ဘာပျိုးပင် စုဆောင်းထားရှိမှု၊ လယ်ယာသုံးစက် ကိရိယာသုံးစွဲမှု၊ ငါး၊ ပုစွန်မွေးမြူမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သစ်တောသစ်ပင်များစိုက်ပျိုးမှု၊ တည်ဆောက်ပြီးသည့် ရေလှောင်တမံ၊ ဆည်၊ ရေတံခါး၊ ရေလှောင်ကန်/ ရေလွှဲ ဆည်များနှင့် မြစ်ရေတင်လုပ်ငန်းများအခြေအနေ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုအခြေအနေ၊ ဆရာကျောင်းသား အရေအတွက်၊ ကျောင်းပြင်ပ ပညာရေးဆောင်ရွက်မှု၊ ဆေးရုံ ဆေးပေးခန်းများအခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေ၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ မြို့ရေပေးဝေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ကို နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ယင်းလုပ်ငန်းများအနက်မှ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို လုပ်ငန်းစဉ်များ သတ်မှတ်၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ ဝန်ထမ်းများနှင့် ပြည်သူအားလုံးက ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ ကယ်ဆယ်ကူညီခြင်းလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးနှင့် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုများကို ပျက်ပြားအောင် လက်နက်ကိုင်အဖွဲ့အစည်းအချို့က ဥပဒေမဲ့ အဖျက်လုပ်ရပ်များ လုပ်ကိုင်ဆောင်ရွက်နေမှုများ၊ ပြည်တွင်း/ပြည်ပဆန့်ကျင်ဘက်အဖွဲ့အစည်းများက ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအပေါ် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် မမှန်မကန် စွပ်စွဲသွေးထိုး ဝေဖန်ပြောဆိုဆောင်ရွက်နေမှုများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာ အစိုးရအဖွဲ့များတွင် အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေကြပြီး မိမိပြည်နယ်၏ အာဏာ (၃)ရပ်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေသည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်တည်ဆောက်နေချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမည့် အန္တရာယ်များ၊ နိုင်ငံရေးထိုးနှက်ချက်အန္တရာယ်များကို ပြည်သူအားလုံးက နိုင်ငံရေးသတိရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ဒုတိယသမ္မတက မှာကြားရာတွင် မိမိတို့အဖွဲ့သည် ယမန်နေ့က ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကရင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခဲ့သည့် အခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ထို့နောက် ဘားအံမြို့ပေါ်၌ ဖွင့်လှစ်ထားသည့် ရေဘေးစခန်းများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးကာ လိုအပ်သည်များကို ထောက်ပံ့ပေးခဲ့ကြောင်း။

ယခု ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သိရှိရန်နှင့် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ယနေ့နိုင်ငံတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆောက်အကောင်အထည်ဖော်နေမှုအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လွှတ်တော်အဖွဲ့အစည်းများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ပေါင်းစပ်ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ဤသည်မှာ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပေါင်းစပ်ဆောင်ရွက်နေမှုကို ဖော်ပြနေခြင်းဖြစ်ပါကြောင်း။

ယနေ့ မိမိတို့တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်မှာ နယ်မြေဒေသများ အေးချမ်းတည်ငြိမ်ခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ မိမိဒေသငြိမ်းချမ်းမှ မိမိတို့၏ မိသားစု လူနေမှုဘဝများ တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သကဲ့သို့ ဒေသအသီးသီးလည်း အဆင့်မြင့်တိုးတက်လာမည်ဖြစ်၍ ငြိမ်းချမ်းရေးကို ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားလိုပါကြောင်း၊ ထို့ပြင်ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းမသွားစေရအောင် တစ်ဦးနှင့်တစ်ဦးယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု၊ သည်းခံခွင့်လွှတ်မှု စိတ်စေတနာများဖြင့် ထာဝရငြိမ်းချမ်းရေးအဆင့်သို့ တက်လှမ်းရောက်ရှိရေးကို ဆက်လက်တည်ဆောက်သွားကြရန် လိုပါကြောင်း။

ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကရင်ပြည်နယ်အတွင်း ကျေးရွာစာကြည့်တိုက် (၁၀)တိုက် ဆောက်လုပ်နိုင်ရန်အတွက် မတည်ငွေကျပ် သိန်း ၁၀၀ ကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လျှော့နည်းပပျောက်ရေး

ယနေ့ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်လည်း ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင် (Millennium Development Goal)အရ နိုင်ငံတော်သမ္မတ ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် လုပ်ငန်းစဉ်များအောင်မြင်ရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

ယနေ့ကမ္ဘာ့ရာသီဥတုအခြေအနေပြောင်းလဲမှုများ ဖြစ်ပေါ်နေပြီး နိုင်ငံတိုင်းလိုလို သဘာဝဘေးအန္တရာယ်များ တွေ့ကြုံနေကြရသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို အလေးအနက်ထား၍ စနစ်တကျ ကြိုတင်စီမံထားရန် လိုအပ်လာပြီ ဖြစ်ကြောင်း။

ကြိုတင်စီမံ

သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို ကာကွယ်တားဆီးရန်လိုသကဲ့သို့ ပျက်စီးဆုံးရှုံးမှုများ အမြန်ပြန်လည်အစားထိုးနိုင်ရေး၊ နောက်ဆက်တွဲ ဖြစ်ပေါ်လာတတ်သည့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ပြဿနာများကိုပါ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကိုလည်း ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ ကရင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မှုကို ဒေသအစိုးရအဖွဲ့နှင့်အတူ ပြည်သူများ၊ စေတနာရှင်များကပါ တစ်တပ်တစ်အား ပါဝင်ကူညီစောင့်ရှောက်ခဲ့ကြသည့်အတွက် နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

ကရင်ပြည်နယ်အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းသီးနှံစိုက်ပျိုးရန် လျာထားချက်များကို ပေးထားပြီးဖြစ်၍ လျာထားချက် ပြည့်မီရုံသာမက ကျော်လွန်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ဤနေရာတွင် ပြည်နယ်၏စီးပွားရေး ပိုမိုတိုးတက်မှု ရရှိစေရန်အတွက် ရော်ဘာတိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းပါကြောင်း၊ ယနေ့ကမ္ဘာတွင် စက်မှုကုန်ကြမ်းပစ္စည်းဖြစ်သည့် ရော်ဘာဈေးကွက် ကြီးမားကျယ်ပြန့်မှုရှိနေပြီး ဈေးနှုန်းအားဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ခန့်ရှိနေကြောင်း၊ မိမိတို့တွင် ယခင်ကတည်းက ရော်ဘာစိုက်ပျိုးမှု အတွေ့အကြုံရရှိပြီးဖြစ်ကြောင်း၊ လက်တွေ့တွင် ရော်ဘာစိုက်ပျိုးမှုကြောင့် စီးပွားဖြစ်ထွန်းလျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ကရင်ပြည်နယ်အတွင်း မြေလွတ်မြေရိုင်းများလည်း ကေသိန်းချီကျော် ရှိနေသေးသည့်အတွက် ရော်ဘာစိုက်ပျိုးမှုကို တိုးချဲ့ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

အလားတူ ကရင်ပြည်နယ်အတွက် လျာထားပေးထားသည့် အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) (၇၃၃) ဘီလီယံ ပြည့်မီရေး၊ ကရင်ပြည်နယ်၏ တစ်ဦးချင်း ပျမ်းမျှဝင်ငွေကို နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ငွေကျပ် ၇၆၀၀၀၀အထိ တိုးတက်ရရှိအောင် ဆောင်ရွက်ရေး၊ ကရင်ပြည်နယ် စီးပွားရေး တိုးတက်မှု ရာခိုင်နှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်း ရရှိရေးတို့ကိုလည်း ပြည့်မီရုံသာမက ကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆက်လက်ကြိုးပမ်း

ကရင်ပြည်နယ်၏ ပညာရေးကဏ္ဍအနေဖြင့် တိုးတက်မှုရှိသည်ကို တွေ့ရကြောင်း၊ ယခုရရှိနေသည့် အဆင့်ထက်မြင့်မားအောင် ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ အခမဲ့မူလတန်းပညာသင်ကြားရေးနှင့် မူလတန်းပညာအားလုံး တတ်မြောက်ရေး၊ စဉ်ဆက်မပြတ် ပညာသင်ကြားရေးလုပ်ငန်းများကို ပြည့်ပြည့်ဝဝ အောင်မြင်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြား လိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ကရင်ပြည်နယ်အနေဖြင့် သင့်တင့်သည့် စီးပွားရေးအခြေခံရှိပြီးဖြစ်ကြောင်း၊ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာကောင်းများလည်း ရှိပြီးဖြစ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဒေသတည်ငြိမ်အေးချမ်းမှု ရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကရင်ပြည်နယ်အတွင်း ကျေးရွာစာကြည့်တိုက် ၁၀ တိုက် ဆောက်လုပ်နိုင်ရန်အတွက် မတည်ငွေကျပ်သိန်း ၁၀၀ ကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက နိုင်ငံတော်မှ လှူဒါန်းထောက်ပံ့ငွေကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ အေကေကုမ္ပဏီ ဥက္ကဋ္ဌ ဦးအေးကိုနှင့် ရွှေသံလွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က နေပြည်တော်၊ ရန်ကုန်နှင့် ဒေသခံလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများကိုယ်စား ထောက်ပံ့လှူဒါန်းငွေများကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက လက်ခံသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ဘားအံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့ အား Sky Net ရုပ်သံဖမ်းစက် သုံးစုံစီကိုလည်းကောင်း၊

စာမျက်နှာ ၄ ကော်လံ ၁သို့

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘားအံမြို့ ဖွဲ့ကပင် အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ပထမဆုရ အခြေခံပညာအထက်တန်းကျောင်း (ရွှေဂွန်း)နှင့် အောင်ချက်အကောင်းဆုံး ဒုတိယဆုရ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (နောင်လုံ) ကျောင်းတို့အတွက် Sky Net တစ်စုံစီတို့ကို လည်းကောင်း တာဝန်ခံပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံ တက္ကသိုလ်သို့ရောက်ရှိကြရာ တက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာမြမြအေးက တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ သင်ကြားရေးအတွက် အသုံးပြုလျက်ရှိသော အခန်းများ၊ IT Centre Rooms များ၊ ဝန်ထမ်းရေးရာဆိုင်ရာများ၊ တည်ဆောက်ပြီးအဆောက်အအုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သိရှိလိုသည့် သင်ကြားစီမံကိန်းရပ်များကို မေးမြန်းပြီး ကျောင်းသူကျောင်းသားများ၏ လေ့လာမှု၊ တီထွင်မှု၊ အလေ့အကျင့်များ ဖြစ်ထွန်းရေးအတွက် စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားရေး၊ သင်ယူတတ်မြောက်သည့် ဘာသာရပ်ဖြင့် လက်တွေ့လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျဖြစ်အောင် လေ့ကျင့်သင်ကြားရေး၊ နောင်တွင်တိုးတက်လာနိုင်သည့် ကျောင်းသားဦးရေကိုတွက်ချက်၍ စာသင်ခန်းမှုတလုံလောက်မှုရှိအောင် ကြိုတင်ဆောင်ရွက်ထားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယသမ္မတအား ကရင်ပြည်နယ်ပညာရေးမှူး ဦးစောစံယဉ်က ကရင်ပြည်နယ် ပညာရေးဌာနဖွဲ့စည်းပုံ၊ အခြေခံပညာကျောင်းများဖွင့်လှစ်မှု၊ မြို့နယ်အလိုက် အခြေခံပညာကျောင်းများဖွင့်လှစ်မှု၊ မြို့နယ်အလိုက် အခြေခံပညာ ကျောင်းခွဲ/တွဲဖက်နှင့် မူလတန်းလွန်ကျောင်းများစာရင်း၊ ခွင့်ပြုခန့်ထား ဆရာအင်အား၊ မြို့နယ်အလိုက် ဆရာ၊ ကျောင်းသား အင်အား၊ ဆရာနှင့် ကျောင်းသား အချိုး၊ တက္ကသိုလ်ဝင်စာမေးပွဲ နှစ်အလိုက်အောင်ချက်၊ ဥပဓိရုပ်မကောင်းသောကျောင်းများ ပြုပြင်တည်ဆောက်မှု၊ သဘာဝဘေးရေကြီး ကျောင်းပိတ်ကာလအတွင်း ဆရာ ဆရာမများ ဆောင်ရွက်မှုနှင့် သင်ကြားရေးနှင့် စစ်ဆေးရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ စဉ်ဆက်မပြတ်ပညာသင်ကြားရေး၊ မူလတန်းပညာကို လူတိုင်းသင်ယူတတ်မြောက်ရေးလုပ်ငန်းများကို အောင်မြင်ထိရောက်အောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ အဖိုးနည်းဝန်ပါ သင်ထောက်ကူပစ္စည်းများကို အသုံးပြုသင်ကြားနိုင်ရေး၊ ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးသာမက စာရိတ္တနှင့်စည်းကမ်းကောင်းမွန်သူများဖြစ်စေရန် ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စင်ကာပူနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေရှန်မူဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌ တာဝန်ယူရန် အသင့်ဖြစ်နေသဖြင့် ယင်းကိစ္စကို အာဆီယံသို့ အသိပေးပြီးဖြစ်ကြောင်း၊ အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းကိစ္စသည် အစဉ်အလာအားဖြင့် အာဆီယံအဖွဲ့ဝင်များက ဆုံးဖြတ်ကြောင်း၊ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ယူရန် အဆိုပြုချက်အပေါ် အာဆီယံခေါင်းဆောင်များက ထောက်ခံခဲ့ကြပြီး လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၌ အတည်ပြု ဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း၊ ယခုနှစ် အာဆီယံနေ့ဆောင်ပုဒ်ဖြစ်သည့် "ကွဲပြားခြားနားသော်လည်း စည်းလုံးညီညွတ်မှုရှိသည်" (Unity in Diversity) ဆောင်ပုဒ်နှင့်အညီ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များ မတူညီကွဲပြားခြားနားသော်လည်း စည်းလုံးညီညွတ်မှုရှိသည်ကို ရည်ညွှန်းဖော်ပြလျက်ရှိကြောင်း၊ ယခုနှစ် အာဆီယံနေ့အခမ်းအနားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အာဆီယံအလံကို တစ်ပြိုင်တည်း လွှင့်ထူနိုင်ခဲ့ခြင်းသည် အာဆီယံ၏ စည်းလုံးညီညွတ်မှုကို ထင်ရှားစွာ ပြသခဲ့ခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ပေးအပ်

ထို့နောက် အာဆီယံနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူရိုက်နှိပ်ထားသည့် အာဆီယံနိုင်ငံရေး၊ လုံခြုံရေး အသိုက်အဝန်း အခြေပြမြေပုံ မြန်မာဘာသာပြန် စာအုပ်များကို ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လမ်းမတော်ဆိပ်ကမ်းရှိ လမ်းသစ်တံတားသို့ ရောက်ရှိပြီး ခရီးသည်တင် ဗညားလတ်ရေယာဉ်၌ ယခင်က MWM TBD-234 V8 (CHINA) အမျိုးအစား အင်ဂျင်အစား ယခု Nissan RH-10 (JAPAN) အမျိုးအစား အင်ဂျင်အသစ် လဲလှယ်တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွန်းရေယာဉ် ဆင်ဟိုင်း-၃ ရေယာဉ်အား ယခင် MWM (CHINA) အမျိုးအစား အင်ဂျင်အစား ယခု Hino V-10 (JAPAN) အမျိုးအစား အင်ဂျင်အသစ် လဲလှယ်တပ်ဆင်ပြီးစီးမှု၊ ရန်ကုန်-ဆိပ်ကြီးခနောင်တိုကူးတို့လမ်း၊ ဆာဖာချောင်ကူးတို့ ခရီးလမ်းမှ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု၊ ခရီးသည်များ လိုက်ပါစီးနင်းမှုနှင့် ဆိပ်ကမ်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြစ်ဝကျွန်းပေါ် ဌာနခွဲရုံးသို့ ရောက်ရှိရာ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေ မန်နေဂျာက မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ မြို့နယ်မန်နေဂျာရုံးများနှင့် မြစ်ဝကျွန်းပေါ် ခရီးလမ်းများတွင် ရေယာဉ်များ ပြေးဆွဲနေမှု၊ ကူးတို့လမ်း ခရီးလမ်းရေယာဉ်များ ပြေးဆွဲနေမှု၊ ခရီးသည်များ လိုက်ပါမှုနှင့် ဝင်ငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံ-သဘော်ကျင်းသို့ ရောက်ရှိပြီး ရေယာဉ်/တွဲယာဉ်များ အသစ်တည်ဆောက်နေမှု၊ ပြီးစီးမှု၊ ရေယာဉ်ဟောင်းများ ကျင်းတင်မွမ်းမံ ပြင်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံရာ၌ ပြည်သူများ၏ သဘောထားများ၊ တုံ့ပြန်မှုများကို အလေးထားရန်၊ လာဘ်ပေးလာဘ်ယူခြင်းသည် တိုင်းပြည်နှင့် လူမျိုးဂုဏ်သိက္ခာကို ထိခိုက်စေခြင်းကြောင့် မိမိနှင့် မိမိတာဝန်ယူရသည့် အဖွဲ့အစည်းအား ကင်းကင်းရှင်းရှင်းရှိအောင် ထိန်းကျောင်းကြပ်မတ်သွားရန်၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် လူတန်းစားအလွှာစုံနှင့် ဆက်ဆံနေရသော အဖွဲ့အစည်းဖြစ်၍ ပြည်သူလူထုအပေါ် နွေးနွေးထွေးထွေး ဆက်ဆံရန်၊ ရေယာဉ်အင်ဂျင်များကို အစားထိုးလဲလှယ်သုံးစွဲရာတွင် နည်းပညာမြင့်မားပြီး ဆီစားနှုန်းသက်သာသော အင်ဂျင်များဖြင့် လဲလှယ်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊ ခေတ်နှင့်လျော်ညီသော ရေယာဉ်များအား ခရီးလမ်းများအလိုက် စီးပွားရေးတွက်ခြေကိုက်ပြီး ခရီးသွားပြည်သူများ သက်သောင့်သက်သာဖြင့် သွားလာနိုင်ရေး၊ ဝင်ချိန်ထွက်ချိန် မှန်ကန်ရေးတို့အတွက် သင့်လျော်သော ရေယာဉ်ဒီဇိုင်းပုံစံများ ရေးဆွဲတည်ဆောက်အသုံးပြုရန် စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၄၄)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် လမ်းမတော်ဆိပ်ကမ်းရှိ ခရီးသည်တင် ဗညားလတ်ရေယာဉ်၌ အင်ဂျင်အသစ် လဲလှယ်တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



စပ်မျိုးစပါး မျိုးစေ့ထုတ် သုတေသနစိုက်ခင်းကေ(၁၀၀) ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာအနီးရှိ အရည်အသွေးကောင်း ဆန်မွေးသုတေသနသုံးကေစိုက်ခင်းသို့ရောက်ရှိပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိနေသော သက်တမ်းငါးရက်သားရှိ စိုက်ခင်းကိုကြည့်ရှုအားပေး၍ သုတေသနတွေ့ရှိချက်များကို နေ့စဉ်မှတ်တမ်းထားရှိရန်နှင့် တောင်သူများလက်ဝယ်အရောက် ပို့ဆောင်ပေးရေးတို့ကို စိုက်ခင်းတာဝန်ခံများအား မှာကြားသည်။

ဆက်လက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စပ်မျိုးစပါးမျိုးစေ့ သုတေသနစိုက်ခင်းမျိုးစေ့ထုတ် ကေ ၁၀၀ စိုက်ကွင်းသို့ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်နှင့် စပ်မျိုး မျိုးစေ့ထုတ်ပညာရှင် ဒေါ်ခင်စန်းတင့်တို့က မျိုးစေ့ထုတ်လုပ်ရန် စီစဉ်ထားမှု၊ နည်းပညာပေးဆောင်ရွက်နေမှု၊ သိပ္ပံနည်းကျ စပ်မျိုးထုတ်လုပ်ရေးဆောင်ရွက်သွားရမည့် နည်းပညာအဆင့်ဆင့်နှင့် သိပ္ပံနည်းကျ ကုစားဆောင်ရွက်ရသည့် စနစ်များကို ရှင်းလင်းတင်ပြကြသည်။

တိုက်တွန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပညာရှင်များ လက်ရှိ နည်းပညာရပ်ဆိုင်ရာ စပ်မျိုးစပါး ထုတ်လုပ်ခြင်း အတွေ့အကြုံများကို နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ပြီး ပိုမိုတိုးတက်အောင်မြင်မှုရရှိရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ လယ်ကွင်းထဲတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လယ်သမားများနှင့် ဘဝတူတစ်ထပ်တည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ကြခြင်းအားဖြင့် လယ်သမားများ၏ ဘဝကို စာနာပြီး လက်တွေ့အကျိုးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ သုတေသနပြု စိုက်ပျိုးထုတ်လုပ်ထားသော အထူးအထွက်ကောင်းစပါးအား ခေတ်မီစက်ဖြင့် ကြိတ်ခွဲကာ တန်ဖိုးမြင့် ကုန်ချောဆန်အဖြစ် စနစ်တကျ ထုပ်ပိုးထားသော အဆင့်မြင့်ဆန်များကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လက်တွေ့ စမ်းသပ်စားသုံးနိုင်ရန် လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ကေ ၂၀ စိုက်ကွင်းအတွင်း ကောက်စိုက်လုံမေများ သိပ္ပံနည်းကျ ပျိုးထောင်ထားသော ၂၁ရက်သားအရွယ် ကောက်ပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းနှင့် တောင်ပိုင်းခရိုင် (၁၇)မြို့နယ်၌ ပုဂ္ဂလိကငွေစုငွေချေးအသင်း ထူထောင်ရန် မတည်ရင်းနှီးငွေ ပေးအပ်

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင် (၁၇)မြို့နယ်၌ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများထူထောင်ရန် မတည်ရင်းနှီးငွေ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ယခုအခါ ရန်ကုန်အရှေ့ပိုင်းခရိုင် (၁၃)မြို့နယ်နှင့် တောင်ပိုင်းခရိုင် လေးမြို့နယ် စုစုပေါင်း (၁၇)မြို့နယ်တို့မှ စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများနှင့်သတ္တုတွင်းလုပ်ငန်းရှင်များက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ရန် မတည်ရင်းနှီးငွေများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ခရိုင်၊ မြို့နယ်၊ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ကြိုးကြပ်မှု၊ စိတ်တူကိုယ်တူ ဝါသနာပါသူများ၏ ကိုယ်တိုင်ပါဝင်စုဖွဲ့ဆောင်ရွက်မှုတို့ဖြင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများကို မူလရည်ရွယ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအလိုက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စွာ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်တို့မှ မြို့နယ် (၁၇)မြို့နယ်တွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ဆောင်ရွက်ရေးအတွက် မတည်ရင်းနှီးငွေ စုစုပေါင်း ငွေကျပ် ၅၂၈၈ ဒသမ ၁၄၆ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်(၁၇)မြို့နယ်၌ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ရန် မတည်ရင်းနှီးငွေ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၁၁-၁၂ ပညာသင်နှစ်

ကျောင်းကျန်းမာရေး သီတင်းပတ်

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၈)ရက်မှ (၁၂)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဩဂုတ် ၈

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာအမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၁-၂၀၁၂ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း စသည့် ကျောင်းကျန်းမာရေးလုပ်ငန်း ငါးရပ်ကို ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ ပြည့်မီရေးအတွက် မိဘများနှင့်ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၉-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၈။ အင်္ဂလိပ်စာသုတ
၄း၄၅ ၉။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၂၆)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်း ကြယ်တစ်စင်း** (အပိုင်း-၃၇)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ သီချင်းလက်ဆောင်
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၄၂)
၂၆။ Mini Series

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်နေမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဒုတိယဝန်ကြီး ဦးဘရွှေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းများဆိုင်ရာ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ ကူးစက်ရောဂါကာကွယ်ခြင်း၊ ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် အာဟာရကျွေးမွေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကလေးများအား သန်ချဆေးများ တိုက်ကျွေးသည်။

ထိုမှတစ်ဆင့် နေပြည်တော် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး၍(ဝဲပုံ) ကလေးများအား သန်ချဆေး တိုက်ကျွေးသည်။

ဆောင်ရွက်

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို ယခုပညာသင်နှစ် ပညာရေးပြက္ခဒိန်တွင် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ သတ်မှတ်ပေးထားရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှန်တကယ်ငြိမ်းချမ်းရေးရလိုလျှင် ပြည်ထောင်စုတစ်ခုလုံး၏ အကျိုးစီးပွားကိုရှေးရှု စိတ်စေတနာမှန်၊ သဘောထားမှန်၊ ဆွေးနွေးလုပ်ဆောင်မှုအမှန်များဖြင့် ဆောင်ရွက်

စစ်ပွဲများမရှိတော့သော်လည်း ပြည်ထောင်စုကြီးပြိုကွဲချည့်နဲ့သွားမည့် အန္တရာယ်မျိုးရှောင်ရှား

အိတ်ဖွင့်ပေးစာ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၈

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဆောင်စီ၊ ဦးစောနေကော်ကြီး၊ ဦးခွန်မောင်သောင်း၊ ဦးငွန်မောင်း၊ ဦးစောသိန်းအောင်၊ ဦးမန်းမောင်မောင်ဉာဏ်၊ ဒေါက်တာသန်းဝင်း၊ ဦးစိုင်းသီဟကျော်၊ ဒေါ်မိယဉ်ချမ်း၊ ဒေါ်နန်းဝါနု၊ ဒေါ်ဒွဲဘူ၊ ဒေါ်နန်းနွံ၊ ဒေါ်ခင်စောဝေ၊ ဒေါ်မိမြင့်သန်း၊ ဦးသူရိန်ဇော်၊ ဦးဝင်းစိန်၊ ဦးတီခွန်မြတ်၊ ဦးမောင်တိုး၊ ဦးလှမြင့်ဦး၊ ဦးသန်းမြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစခုန်တိန့်ယိန်း၊ ဦးနေဝင်းထွန်း၊ ဦးမန်းအောင်တင်မြင့်တို့ (၂၃) ဦး စုပေါင်း လက်မှတ်ရေးထိုးပြီး ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များအမည်ခံလျက် ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်ပေးစာတစ်စောင်အား ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၈) ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ အိတ်ဖွင့်ပေးစာမှာ အောက်ပါအတိုင်းဖြစ်သည်-

အိတ်ဖွင့်ပေးစာ

-ငြိမ်းချမ်းရေးလိုလားသူများအတွက်

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၈) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် တိုင်းရင်းသားလူမျိုးစုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသောနိုင်ငံ ဖြစ်ပါသည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမှုအမျိုးမျိုးကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား မောင်နှမများ ခါးစည်းခံခဲ့ကြရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့်အကြောင်းများတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများ သက်ဆိုးရှည်ခဲ့ခြင်းသည်လည်း အဓိကအကြောင်းအရာတစ်ခုပင် ဖြစ်ပါသည်။ ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည့် အစိုးရအဖွဲ့များကလည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြသည်ချည်းဖြစ်ပါသည်။

အသိအမှတ်ပြု

လက်ရှိတာဝန်ယူနေသည့် သမ္မတ ဦးသိန်းစိန်၏ အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးရရှိရေးအတွက် ဒေသတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် နယ်မြေဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် နည်းလမ်းများရှာကြံ၍ ပြောဆိုဆွေးနွေးဆောင်ရွက်လျက်ရှိနေခြင်းအတွက် သမ္မတ ဦးသိန်းစိန်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြု ကျေးဇူးတင်ရပါမည်။

ယခု ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့အစည်းများ၏ လက်နက်ကိုင်လမ်းစဉ် မည်သို့ပေါ်ပေါက်ခဲ့သည်၊ ခေတ်အဆက်ဆက် မည်သို့ရပ်တည်ခဲ့သည်၊ မည်သည့်ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည် စသည့် အရင်းခံအကြောင်းများကို အမှန်အတိုင်းသိရှိအောင်လေ့လာရန်လည်း လိုအပ်ပါသည်။ အသိမှန်မှ အတွေးမှန်၊ အမြင်မှန်၊ အလုပ်မှန်မည် ဖြစ်ပါသည်။

ရပ်တည်ခဲ့

အလားတူ ယခင်အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မည်သည့်အတွက်ကြောင့် မအောင်မြင်ခဲ့ရသည်ကိုလည်း အရှိအတိုင်း၊ အမှန်အတိုင်း သိရှိရန်လိုအပ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသော ဒို့တာဝန်အရေးသုံးပါးအပေါ်တွင် အစိုးရနှင့်ပြည်သူက ရပ်တည်ခဲ့ကြပြီး ကျန်တစ်ဖက်ဖက်က သံသယလွန်ကဲခြင်း၊ အစွန်းရောက်ခြင်း၊ ဘေးပယောဂဝင်ရောက်နှောင့်ယှက်ခြင်း၊ ကတိပျက်ကွက်ခြင်း၊ အကြမ်းဖက်မှုများ ပါဝင်ခဲ့ခြင်းများကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပျက်ခဲ့ရသည်များရှိခဲ့သော်လည်း၊ စိတ်ထား၊ စေတနာမှန်ကန်စွာဖြင့် ဒေသအကျိုး၊ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးကို တကယ်လိုလားပြီး ဆွေးနွေးဆောင်ရွက်ခဲ့ကြသော လက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး ဖြစ်သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂)ရက်နေ့ (၁၇း၃၀) နာရီချိန် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ တာပိန်ရေအားလျှပ်စစ်စက်ရုံမှ အပြန်တွင် KIA အဖွဲ့မှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ဝန်ထမ်းနှင့် ပြည်သူများ သေဆုံးသွားမှုများသည် ကြောက်မက်ဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာ လုပ်ရပ်များဖြစ်သလို ငြိမ်းချမ်းရေးဖြစ်မြောက်ရေးအတွက် ခြောက်လှန့်မှုမျိုးများ ဖြစ်လာ၍ စိတ်မကောင်းဖြစ်ရပါသည်။

အလေးအနက်ထား

သို့သော်လည်း အစိုးရအနေဖြင့် သဘောထားကြီးပြီး စိတ်စေတနာကောင်းကောင်းထားရှိကာ ပြည်သူများအတွက်၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြည်သူ့ကိုယ်စားလှယ်၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်သော ကျွန်ုပ်တို့မှ ကြိုဆိုထောက်ခံလျက်ရှိပါကြောင်းနှင့် အမှန်တကယ် ငြိမ်းချမ်းရေးရလိုကြလျှင် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကိုသာ ရှေးရှု၍ စိတ်စေတနာမှန်၊ သဘောထားမှန်၊ ဆွေးနွေးလုပ်ဆောင်မှုအမှန်များဖြင့် ဆောင်ရွက်ကြပါရန်နှင့် စစ်ပွဲများမရှိတော့သော်လည်း ပြည်ထောင်စုကြီး ပြိုကွဲချည့်နဲ့သွားမည့် အန္တရာယ်မျိုးကို ရှောင်ရှားကြပါရန် အလေးအနက်ထား တိုက်တွန်းတောင်းဆိုအပ်သည်။

ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**တရားကျင့်သူတို့ သွားရမည့်လမ်း** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၀)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၂)
၈း၅၀	MRTV-4 7th Anniversary Live Show [Day 2(Part-2)]
၉း၃၅	Cartoon Show Time (ARRIETTY)
၁၀း၂၀	ဝါဆိုမိသားစု၏ ဝါဆိုအလှူ
၁၀း၄၅	Celebrity Style (သန္တာလှိုင်)
၁၁း၁၀	ခါတစ်လှည့်…လာလှည့်ပါ ဆိပ်ခွန်ရွာ…
၁၁း၂၀	သဒ္ဓါကြည်ဖြူကုသိုလ်ယူ သက္ကလနယ်မှ ရှင်(၁၀၈)ပါး ရှင်ပြုအလှူ
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	ချောက်မြို့နှင့် (၄)မိုင်အကွာ
၁၂း၂၀	International Show Biz
၁၂း၄၀	သပြေကန်ထေရဂုဏပူဇာ နှစ်(၁၀၀) စာစောင်ထုတ်ဝေခြင်း
၁း၀၀	**တရားကျင့်သူတို့ သွားရမည့်လမ်း** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	သင်ကြားရေးလမ်းညွှန် (Lingua Workshop)
၂း၅၀	လမ်း (၃၀)ဆေးခန်း၏ ဇီဝိတဒါနနှင့် လေ့လာရေးခရီးစဉ်
၃း၀၅	Activities in the City (မိုးအကြို အွန်လိုင်းကုန်စည်ပြပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ)
၃း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၀)
၄း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၂)
၅း၀၀	**တူနိုင်းမရ** ဦးဝင်းမြိုင်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၅း၂၀	The Champion of Dance
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၁)
၇း၀၅	MRTV-4 7th Anniversary Live Show [Day 2(Part-3)]
၈း၀၀	MRTV-4 သတင်း
၈း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့်ပတ်သက်သောရောဂါများအကြောင်း)
၉း၀၅	သီချင်းကောင်းကောင်း၊ သီချင်းတောင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၃)
၁၀း၂၅	Celebrity Choice (ရတနာမိုင်)
၁၀း၅၀	အနုပညာမိုးကောင်းကင်
၁၁း၀၀	ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
၁၁း၃၅	World of Knowledge (Ultimate Disaster TORNADO)
၁၂း၂၀	ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါအန္တရာယ် (ပါမောက္ခဦးမြဲသော်)
၁၂း၃၀	လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
၁း၀၀	မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ (နွေရာသီဖက်ရှင်)
၁း၄၀	Shooting Location (မစန္ဒာအိမ်)
၂း၀၀	Rainforest Homeland (အပိုင်း-၁)
၂း၂၅	ရေဆန်စီးတဲ့မြစ်
၃း၀၀	ကလောဈေးနေ့
၃း၀၅	ကယ်တင်ကြစို့တို့ကမ္ဘာ
၃း၁၅	မြေကြီးကရွှေသီးဖို့ရေထိန်း သဘာဝဂျယ်ကိုသုံးကြစို့
၃း၂၅	ဒို့တိုင်းဌာနီ ဇရာဝတီ (ကြီးမားဖွံ့ထွားဇရာဝတီရဲ့ငါး)
၃း၅၀	တန်ခိုးထွဋ်ခေါင် ရွှေနတ်တောင်
၄း၁၅	အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၄း၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Live)
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မွမ်ဘိုင်းကမ်းလွန်၌ ကုန်သင်္ဘောနစ်မြုပ် ပင်လယ်ပြင်သို့ ရေနံများယိုစိမ့်ထွက်

နယူးဒေလီ ဩဂုတ် ၈

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ကမ်းလွန်တွင် ယခုသီတင်းပတ်အစောပိုင်းက နစ်မြုပ်ခဲ့သော ပနားမားအလံလွှင့်ထူထားသည့် ကုန်တင်သင်္ဘောအမ်ဗွီရက်ခ်မှ ရေနံများ ပင်လယ်ပြင်သို့ ယိုစိမ့်ထွက်လျက်ရှိကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၈ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ယိုစိမ့်

၎င်းသင်္ဘောမှ ရေနံများ တစ်နာရီလျှင် ၁ ဒသမ ၅ တန်မှ ၂ တန်ခန့်အထိ ဩဂုတ် ၇ ရက်ညမှ စတင်ကာ ယိုစိမ့်ထွက်ရှိနေကြောင်း၊ ပင်လယ်ရေပြင်၌ ရေနံများ ယိုစိမ့်ထွက်ပေါ်နေမှုအနေအထားမှာ ရေမိုင်ခုနစ်မိုင်ပတ်လည် အကျယ်အဝန်းခန့် ရှိနေပြီဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

သို့သော် အိန္ဒိယကမ်းခြေစောင့်သင်္ဘောတစ်စင်းက ပင်လယ်ပြင်တွင် ရေနံများ ပျံ့နှံ့မှုမရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ထပ်သင်္ဘောတစ်စင်းဖြစ်သည့် အိုင်စီဂျီအက်စ်သင်္ဘောအားစေလွှတ်ကာ ရေနံများမပျံ့နှံ့စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြထားသည်။

ကုန်ပစ္စည်းများတင်ဆောင်လာသော အမ်ဗွီရက်ခ်သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံ တူတွန်ဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်သို့ ခုတ်မောင်းလာစဉ် မွမ်ဘိုင်းကမ်းလွန်၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်-ရေးသားသည်

အမေရိကန်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

အိုဟိုင်းယိုး ဩဂုတ် ၈

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကော့ပ်လေမြို့တွင် ဩဂုတ် ၇ ရက်က သေနတ်သမားတစ်ဦး၏ရမ်းကားစွာ ပစ်ခတ်မှုကြောင့် ၁၁ နှစ်အရွယ်ကလေး ငယ်တစ်ဦးအပါအဝင် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက သေနတ်သမားအား ပစ်ခတ်ခဲ့ကြောင်း ကော့ပ်လေရဲတပ်ဖွဲ့က ဩဂုတ် ၈ ရက်၌ ပြောကြားသည်။ **(ဝဲပုံ)**

ဖြစ်ပွားမှုမှာ ဩဂုတ် ၇ ရက် နံနက် ၁၁ နာရီခန့်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားနေကြောင်း အရေးပေါ်ဖုန်းနံပါတ် ၉၁၁ သို့ အကြောင်းကြားသတင်းပို့မှုကို ရဲတပ်ဖွဲ့က လက်ခံရရှိခဲ့ပြီး အခင်းဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်ခဲ့သည်။ သေနတ်သမားက ရဲတပ်ဖွဲ့ဝင်များအားပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာမှ သေနတ်သမားသေဆုံးသွားခြင်းဖြစ်ကြောင်း ကော့ပ်လေမြို့ ရဲတပ်ဖွဲ့အကြီးအကဲ မိုက်ကယ်မီရာက ပြောကြားသည်။ သေနတ်ပစ်ခတ်မှုမှာ မိသားစုချင်းဆက်ဆံရေးအဆင်မပြေဖြစ်ရာမှ စတင်ကာပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း ၎င်းကဆက်လက်ပြောကြားပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ ကော့ပ်လေမြို့သည် ကလီဗလန်မြို့မှ တောင်ဘက် မိုင် ၄၀ ခန့်အကွာ အက်ရွန်မြို့ အနောက်ဘက်တွင် တည်ရှိပြီး လူဦးရေ ၁၄၀၀၀ ခန့် နေထိုင်သော မြို့ငယ်တစ်မြို့ဖြစ်သည်။ **(အင်တာနက်)**

မလေးရှားနိုင်ငံ ကာမီရွန်ဒေသ၌ မြေပြိုမှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

ကွာလာလမ်ပူ ဩဂုတ် ၈

မလေးရှားနိုင်ငံရှိ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အပန်းဖြေစခန်းတစ်ခုဖြစ်သော ကာမီရွန်ကုန်းမြင့်ဒေသတွင် ဩဂုတ် ၇ ရက်က မြေပြိုမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း မလေးရှားမီဒီယာများက ဩဂုတ် ၈ ရက်၌ ဖော်ပြသည်။

ကွာလာလမ်ပူမြို့မြောက်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာ အဆိုပါဒေသရှိ ကျေးရွာတစ်ရွာ၌ ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အိမ်အချို့ပျက်စီးပြီး ခုနစ်ဦးသေဆုံးခဲ့ရသည့်အပြင် အခြားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ ယင်းကာမီရွန် ကုန်းမြင့်ဒေသသည် လက်ဖက်စိုက်ခင်းများဖြစ်ထွန်းရာဒေသဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ရာ နေရာတစ်ခုလည်းဖြစ်သည်။ မလေးရှားနိုင်ငံတွင် မကြာမီရက်များက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ပြီးခဲ့သည့် မေလကလည်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီး မြို့ငယ်တစ်မြို့၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၆ ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားသင်တန်းဖွင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၈

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ယနေ့နံနက် ၈ နာရီခွဲတွင် ကမ္ဘာ့ကာယဗလ အဖွဲ့ချုပ်နှင့် အာရှကာယဗလ အဖွဲ့ချုပ်အတွင်းရေးမှူး Mr. Paul Chua နှင့် အာရှကာယဗလအဖွဲ့ချုပ် Executive Director Ms. Christina Y. Kam တို့သည် နေပြည်တော်အားကစားဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ကာယဗလနှင့် ကာယအလှဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပရေး၊ အပြည်ပြည်ဆိုင်ရာကာယဗလနှင့် ကာယအလှဒိုင်သင်တန်းများသို့ စေလွှတ်တက်ရောက်ရေး၊ ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ရေးနှင့် နည်းပြ ၄ားရမ်း လေ့ကျင့်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီခွဲတွင် စုပေါင်းခန်း၌ ကျင်းပသော အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်း အမှတ်စဉ် (၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုဖွင့်လှစ်သည့်သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရာထမ်း သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း အားကစားဝန်ကြီးဌာန အင်္ဂလိပ်ဘာသာစကားနှင့် I.C.T နည်းပညာသင်တန်းအမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တစ်ဧက စပါးတင်း ၁၀၀အထက် ထွက်ရှိရေး သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုး

မြောင်းမြမြို့နယ်၌ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး

မြောင်းမြ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာအုပ်စု စံပြစိုက်ကွက်ရှိ ကွင်းအမှတ် (၂၁၈/၁၅၃၆) ဦးပိုင်အမှတ်(၁၂/၄)တောင်သူ ဦးသိန်းဆိုင်ထွန်း၏လယ်မြေငါးဧကတွင် မျိုးစေ့အလေအလွင့်နည်းစေရန်နှင့် တစ်ဧကတင်း ၁၀၀အထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄) ချက်နှင့်အညီ ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးသက် ၂၀ရက်သား ပျိုးပင်များအား ပျိုးနုတ်ပြီး ချက်ချင်းစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဩဂုတ် ၂ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)** အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကွင်းဝန်ထမ်းများနှင့်ဒေသခံ တောင်သူများ တက်ရောက်လေ့လာခဲ့ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးထွန်းအောင်ကျော်နှင့် မြို့နယ်မန်နေဂျာဦးတင်မောင်ငြိမ်းတို့က စပါးတစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄) ချက်ကို ရှင်းလင်းကာ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာနှင့် ကွင်းဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သိပ္ပံနည်းကျပေါင်စနစ်ဖြင့် သရက်၌ ပျိုးထောင်စိုက်ပျိုး

သရက် ဩဂုတ် ၈

သရက်ခရိုင် သရက်မြို့နယ် ဘော်ကျေးရွာ ကွင်းအမှတ်(၉၁၇) ဦးပိုင်အမှတ် (၃၀၆)ရှိ တောင်သူ ဦးမြင့်ရွှေ၏ လယ်မြေတွင် ရတနာတိုး မျိုးသန့်မျိုးပွား မျိုးစေ့စပါးကို သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး မျိုးစေ့ချ စိုက်ပျိုးသရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးဝင်းမောင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာ ဦးကြည်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နှင်းနှင်းအေးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များဘော်မိုးနတ်ကုန်းအင်းလယ်ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တောင်သူများတက်ရောက်ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာက စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက်ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့်သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ကွင်းဝန်ထမ်းများက ပေါင်စနစ်ဖြင့် မျိုးစေ့ချ သရုပ်ပြစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

ကွင်းဆင်းဆောင်ရွက်

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေတူးစက်ဖြင့် ဗိုလ်ချုပ်လမ်း ခရိုင်ပြည်သူ့ဆေးရုံရှေ့ ပင်မရေနုတ်မြောင်းတူးဖော်နေမှုကို ဇူလိုင် ၂၉ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုဦး ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၈

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၉	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၂၈	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၉	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း ရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၃	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း ရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဧရာဝတီအမွေအနှစ် မှန်မြတ်သည့် ဓေ

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်မှုကဏ္ဍမှ စက်မှုကဏ္ဍသို့ အရှိန်အဟုန်ဖြင့် အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အသွင်ကူးပြောင်း ဆောင်ရွက်ရန်အတွက် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်ပင်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရေးရည်ရွယ်လျက် နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍကို ဖော်ဆောင်နိုင်မည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မြန်မာနိုင်ငံ၏ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်မည်ဆိုလျှင် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံသစ်များနှင့် နိုင်ငံပိုင်စက်ရုံကြီးများ တိုးတက်ဖြစ်ထွန်းလာပြီး စက်မှုကဏ္ဍများ တိုးတက်မှုအရှိန်အဟုန်မြင့်မားလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌လည်း ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာသည့်အပြင် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကိုလည်း တိုးချဲ့သုံးစွဲလာခဲ့သည်။ ထို့ပြင် မြို့ပြဒေသများ တိုးချဲ့ပေါ်ပေါက်လာပြီး လူနေမှုအဆင့်အတန်းမှာ အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့ရာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏသည်လည်း အဆပေါင်းများစွာ မြင့်တက်လာခဲ့သည်။ နိုင်ငံအသီးသီး၌ ရေအားလျှပ်စစ်စွမ်းအင်၊ လေအားလျှပ်စစ်စွမ်းအင်၊ သဘာဝဓာတ်ငွေ့/ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်းအင်၊ နျူကလီးယား စွမ်းအင် စသည်တို့မှ အဆင့်မြင့်နည်းပညာရပ်များဖြင့် လျှပ်စစ်ဓာတ်အားကို တွင်ကျယ်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြရာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော လေအားနှင့် ရေအားလျှပ်စစ်စွမ်းအင်များသည်သာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးနှင့် သန့်ရှင်းသောစွမ်းအင်များ ဖြစ်သည်။

နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိကြောင်း တွက်ချက်မှုများအရ သိရှိရသည်။ သို့ဖြစ်၍ လျှပ်စစ်စွမ်းအား ထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံအသုံးချကာ ရေအားလျှပ်စစ်စီမံကိန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားကဏ္ဍသည် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ရေအားလျှပ်စစ်စီမံကိန်းတစ်ခု အကောင်အထည်ဖော်တည်ဆောက်ရာတွင် ဖြစ်နိုင်ခြေရှိသည့်နေရာများ၌ စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံထုတ်ခြင်းများ စတင်ဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် စီမံကိန်းအကောင်အထည်ဖော်မည့် မြစ်/ချောင်းတစ်လျှောက်ရှိ တစ်နှစ်ပတ်လုံးရွာသွန်းသော မိုးရေချိန်ပမာဏ၊ ဘူမိဗေဒအနေအထားများ၊ စီမံကိန်းလုပ်နိုင်မည့်နေရာအရေအတွက်၊ မြစ်/ချောင်း၏ အထက်ပိုင်းနှင့် အောက်ပိုင်းတွင် စီမံကိန်းကြောင့် ဖြစ်ပေါ်ပြောင်းလဲလာနိုင်သော သဘာဝပတ်ဝန်းကျင် အခြေအနေတို့ကို အချိန်ယူ၍ အသေးစိတ် လေ့လာမှတ်တမ်းတင်ဆောင်ရွက်ရပြီး အနည်းဆုံးအချိန်အားဖြင့် (၁၈)လခန့် ကြာမြင့်သည်။

ယင်းပဏာမစူးစမ်းလေ့လာမှုအပေါ် မူတည်၍ ရရှိလာသည့် စီမံကိန်းအကောင်အထည်ဖော်နိုင်သော နေရာများမှ အကောင်းဆုံး၊ အသင့်လျော်ဆုံးနေရာတစ်ခုကို စိစစ်ရွေးချယ်ကာ အသေးစိတ် စူးစမ်းလေ့လာမှုကို ထပ်မံပြုလုပ်ရပြီး တည်ဆောက်မည့် အသေးစိတ်ပုံစံဒီဇိုင်းတစ်ခု ရရှိသည်အထိ ဆောင်ရွက်ရသည်။ ထို့အတွက် အချိန်ကာလအားဖြင့် (၁၂)လခန့်ကြာမြင့်နိုင်သည်။

ရေအားလျှပ်စစ်စီမံကိန်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်နိုင်မဖြစ်နိုင်၊ ဖြစ်နိုင်ခြေ ရှိ/မရှိ စူးစမ်း၊ လေ့လာ၊ အတည်ပြု ဒီဇိုင်းပုံစံ ထုတ်လုပ်နိုင်သည်အထိ စုစုပေါင်းအချိန်ကာလအားဖြင့် လပေါင်း (၃၀)ခန့် ကြာမြင့်နိုင်သည်။ သို့ဖြစ်၍ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် တည်ဆောက်သည့်အဆင့်မရောက်မီတွင်ပင် အချိန်ကာလအတိုင်းအတာတစ်ခုအထိ အချိန်ရယူ၍ အသေးစိတ်စူးစမ်းလေ့လာ ဆောင်ရွက်ရသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ပြင် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရန် ဖြစ်နိုင်စွမ်းရှိသည့် နေရာတစ်ခုတွင် စီမံကိန်းတည်ဆောက်ပါက စီမံကိန်း၏ ပမာဏအကြီးအသေးအပေါ် မူတည်၍ နှစ်ကာလ (၃)နှစ်မှ (၁၀)နှစ်ခန့်အထိ အချိန်ယူတည်ဆောက်ရသကဲ့သို့ လူအင်အား၊ ငွေအင်အား၊ နည်းပညာရပ်ပိုင်းဆိုင်ရာ ကုန်ကျမှုစရိတ်များမှာလည်း များပြားလှသည်။

၁၉၈၈ခုနှစ်ကာလက မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခုနစ်ရုံ စုစုပေါင်း ကိုးရုံရှိပြီး စုစုပေါင်း စက်တပ်ဆင်အင်အားမှာ ၅၂၉ မဂ္ဂါဝပ်သာ ရှိခဲ့သည်။ ယနေ့ကာလတွင် နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၇ ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၄ ရုံ စုစုပေါင်း ၃၂ ရုံ ရှိပြီး စုစုပေါင်း စက်တပ်ဆင်အားမှာ ၃၃၆၀ မဂ္ဂါဝပ် ရှိလာပြီဖြစ်သည်။ သို့ဖြစ်၍ ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလမှ ယနေ့အထိ ဓာတ်အားပေးစက်ရုံ ၂၃ ရုံနှင့် စက်တပ်ဆင်အင်အား ၂၈၃၁ မဂ္ဂါဝပ် တိုးတက်တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာသုံးစွဲနိုင်ရန်အတွက် ၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်ပြီး နှစ်(၃၀) လျှပ်စစ်မဟာဗျူဟာအဖြစ် နှစ်ရှည်စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့သည်။ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်း ၆၃ ခုနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း သုံးခု စုစုပေါင်း ၆၆ ခုရှိပြီး စုစုပေါင်း စက်တပ်ဆင်အင်အားမှာ ၄၅၃၀၃ ဒသမ ၅ မဂ္ဂါဝပ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရေအားလျှပ်စစ် ထုတ်ယူနိုင်သည့် သဘာဝရေအားအရင်းအမြစ်များ အမြောက်အမြားရှိသည့်အားလျော်စွာ ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း နိုင်ငံတော်၏ အဓိကမြစ်ကြီးလေးစင်းတည်ရှိရာ မြစ်ဝှမ်းဒေသများ၌ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ယင်းတို့အနက် မြန်မာနိုင်ငံ၏ အဓိကမြစ်တစ်စင်းဖြစ်သော ဧရာဝတီမြစ် စတင်မြစ်ဖျားခံရာ ကချင်ပြည်နယ်အတွင်း၌ အကောင်အထည်ဖော်လျက်ရှိသည့် ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများလည်း အပါအဝင်ဖြစ်သည်။

နိုင်ငံတော်၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ကာလတိုအတွင်း ပြည့်မီစွာ ဖြည့်တင်းဆောင်ရွက်ပေးနိုင်ရေးအတွက် လျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ လျှပ်စစ်ဓာတ်အားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုရရှိနေပြီဖြစ်သော်လည်း အချို့ ပုဂ္ဂိုလ်/အဖွဲ့အစည်းများအနေဖြင့် ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ဆုံ၊ မေခ၊ မလိခ၊ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ နိုင်ငံတကာနှင့်ပြည်တွင်းရှိ ပြည်သူလူထု အထင်မှား အမြင်မှား ဖြစ်စေရေး မဟုတ်မမှန် ဖန်တီးလုပ်ကြံ၍ ရေးသားလုပ်ဆောင်လျက်ရှိကြသည်။

ဧရာဝတီမြစ်ဆုံ၊ မေခ၊ မလိခ၊ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် မြစ်ဆုံ၊ ချီဖွေ၊ ချီဖွေငယ်၊ ဝူဆောက်၊ ခေါင်လန်ဖူး၊ ယီနန်၊ ဖီဇော၊ လိုင်ဇာဟူသည့် ရေအားလျှပ်စစ်စီမံကိန်း စုစုပေါင်း ရှစ်ခုပါဝင်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အားမှာ ၁၈၄၉၉ မဂ္ဂါဝပ်ဖြစ်သည်။ စီမံကိန်းအားလုံးကို (၁၅)နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းများတည်ဆောက်မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် ကျောက်၊ သဲထုတ်လုပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်းအပါအဝင် စီမံကိန်း၏ မြို့ပြအင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိနေကြပြီဖြစ်သည်။ ယခု စတင်အကောင်အထည်ဖော်ဆောင်ရွက်သောကာလမှာပင် မြန်မာအလုပ်သမား ၂၆၀၀ ကျော် အလုပ်အကိုင် အခွင့်အလမ်း ရရှိနေကြောင်း တွေ့ရှိရသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ကချင်ပြည်နယ်အတွင်း မြစ်ဆုံမှ မေခမြစ်လမ်းကြောင်းအတိုင်း မေခမြစ်၏ အရှေ့ဘက်ကမ်းတွင် ရာသီမရွေး အသုံးပြုနိုင်သော လမ်းမကြီး တစ်လမ်း (မြစ်ဆုံမှ ယီနန်အထိ ၂၆၁ မိုင်ခန့်)၊ မြစ်ဆုံမှ မလိခမြစ်ကြောင်းအတိုင်း မလိခမြစ်၏ အနောက်ဘက်ကမ်းတွင် ရာသီမရွေး အသုံးပြုနိုင်သော လမ်းမကြီးတစ်လမ်း (မြစ်ဆုံမှ လိုင်ဇာအထိမိုင် ၁၇၀ ခန့်)ဟူ၍ လမ်းမကြီးနှစ်လမ်း ပေါ်ပေါက်လာမည်ဖြစ်သည်။ လမ်းမကြီးများနှင့် ယှဉ်တွဲ၍ စီမံကိန်းနေရာတိုင်းတွင် မြစ်ဆုံ၏တောင်ဘက်၌ တံတားကြီး တစ်စင်း၊ မေခမြစ်ပေါ်၌ တံတားကြီး ငါးစင်း၊ မလိခမြစ်ပေါ်၌ တံတားကြီးတစ်စင်း စုစုပေါင်းတံတား ခုနစ်စင်း တည်ဆောက်မှာဖြစ်ပြီး တံတားများ၏ ခံနိုင်ဝန်မှာ တန် ၈၀ ဖြစ်သည်။ ယခုအချိန်၌ မြစ်ဆုံ၏ တောင်ဘက်တွင် ဧရာဝတီမြစ်ကူးတံတားတစ်ခု တည်ဆောက်နေပြီး ယခုနှစ်အတွင်း ပြီးစီးမည်ဖြစ်သည်။ ဖြစ်ပေါ်လာမည့် လမ်း/တံတားများကို အသုံးပြု၍ ကချင်ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေးအရ ကူးလူးဆက်ဆံသွားလာမှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည့်အပြင် ဒေသတွင်း လူမှုဆက်ဆံရေးနှင့် ချစ်ကြည်စည်းလုံးရေးကိစ္စများလည်း များစွာဖွံ့ဖြိုးလာမည် ဖြစ်သည်။

ထို့မျှမက စီမံကိန်းပြီးစီးပါကလည်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများ မောင်းနှင်ပြီးဓာတ်အား ထုတ်လုပ်ချိန်တွင် ဒေသခံလူငယ်များ၊ ပညာတတ်များအနေဖြင့် ဓာတ်အားပေးစက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ မလွဲမသွေ ရရှိလာမည်ဖြစ်သည်။ ယင်းစီမံကိန်းများကြောင့် တိုးတက်ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို အသုံးပြု၍ စက်မှုလုပ်ငန်းများ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများလည်း အနာဂတ်၌ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်မှာ အသေအချာပင်ဖြစ်သည်။

ထို့ပြင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ မြစ်ဆုံစီမံကိန်းကြောင့် ဧရာဝတီမြစ်၏ အောက်ဘက်ဒေသများ ထိခိုက်မှုမရှိစေရေးအတွက် စီမံကိန်းဆိုင်ရာ ပဏာမစူးစမ်းလေ့လာမှု (Pre-Feasibility Study) အဆင့်ကတည်းက အသေးစိတ် စီမံဆောင်ရွက်ထားရှိခဲ့ပြီးဖြစ်သည်။ မြစ်ဆုံစီမံကိန်းနေရာ၏ နှစ်စဉ်မိုးရွာသွန်းမှုသည် ပျမ်းမျှမိုးရေချိန် ၉၁ လက်မဖြစ်သည်။ မြစ်အတွင်းသို့ နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၁၂၈၅ ဒသမ ၂ သိန်းဖြစ်သည်။ တည်ဆောက်မည့် တမံအမျိုးအစားသည် ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံ (Concrete Face Rockfill Dam) အမျိုးအစားဖြစ်ပြီး တမံအလျားပေ ၄၃၀၀ နှင့် တမံအမြင့် ၄၅၈ ပေရှိသည်။ ရေသိုလှောင်နိုင်မည့် ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၉၇ ဒသမ ၈၈ သိန်းဖြစ်သည်။ သို့ဖြစ်၍ တမံအတွင်းသိုလှောင်မည့် ရေပမာဏမှာ စီးဝင်ရေ၏ ၇ ဒသမ ၆ ရာခိုင်နှုန်းသာရှိသည့်အတွက် စီးဝင်ရေပမာဏ၏ ၉၂ ဒသမ ၄ ရာခိုင်နှုန်းမှာ ဧရာဝတီမြစ်ထဲသို့ နဂိုမူလအတိုင်း စီးဆင်းမြဲစီးဆင်းနေမည်ဖြစ်သည်။ ထို့အပြင် မြစ်ဆုံစီမံကိန်းတမံ၌ သိုလှောင်ထားမည့်ရေသည်လည်း လျှပ်စစ်ဓာတ်အားပေးစက် မောင်းနှင်လည်ပတ်သည့်အခါ စက်ရုံရေထုတ်မြောင်းမှတစ်ဆင့် ဧရာဝတီမြစ်ထဲသို့ပင် ပြန်လည်စီးဆင်းသွားမည်သာဖြစ်သည်။

သို့ဖြစ်၍ ဧရာဝတီမြစ်ကို အမှီပြု၍ ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများအပေါ်၌ ထိခိုက်မှု လုံးဝမရှိနိုင်ပေ။ ဧရာဝတီမြစ်၏ လအလိုက် ရေစီးဆင်းမှုအခြေအနေကို လေ့လာကြည့်ပါက ခြောက်သွေ့ရာသီ(Dry season)ဖြစ်သည့် နိုဝင်ဘာလမှ ဧပြီလအထိကာလတွင် ယခင်ပုံမှန်မြစ်ရေထုစီးနှုန်းမှာ 1830 m^3/s ဖြစ်သော်လည်း ရေကာတာတည်ဆောက်ပြီးစီးချိန်တွင် ဖြစ်ပေါ်လာမည့် မြစ်ရေထုစီးနှုန်းမှာ 2120 m^3/s အထိ တိုးတက်လာမည်ဖြစ်သည်ကိုတွေ့ရှိရသည်။ ရေကာတာမှ ရေထိန်းသိမ်းမှုကြောင့် မိုးရာသီကာလတွင် ပုံမှန်မြစ်ရေထုစီးနှုန်းထက် ၃ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းစီးဆင်းမည်ဖြစ်သော်လည်း နွေရာသီကာလ (နိုဝင်ဘာမှ ဧပြီလအထိ) တွင် ရေလှောင်တမံမှ ရေထုတ်လွှတ်မှုကြောင့် နွေရာသီပုံမှန်မြစ်ရေစီးဆင်းမှုထက် ၁၆ ရာခိုင်နှုန်း ပိုများလာမည်ဖြစ်ပေသည်။ ထို့ကြောင့် တမံ၏ အောက်ဘက်ပိုင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် မြစ်ရေ ၁ ဒသမ ၅ ပေခန့် ပိုမိုမြင့်တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

သာမန်အားဖြင့် မြစ်ရေနည်းသော နွေရာသီကာလမျိုးတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ပင်လယ်ရေငန်ဝင်ရောက်မှု များပြားတတ်ပြီး မြစ်အဝပိုင်း၌ ဆားငန်ရေဝင်ရောက်ကာ စိုက်ပျိုးမြေများ ထိခိုက်မှုရှိတတ်သော်လည်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် နွေရာသီကာလတွင်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်နေမည်ဖြစ်ရာ တမံမှရေများသည် စက်ရုံရေထုတ်မြောင်းမှတစ်ဆင့် ဧရာဝတီမြစ်ထဲသို့ ပုံမှန်ပြန်လည်စီးဝင်လျက်ရှိနေမည်ဖြစ်သည်။ စက်ရုံလည်ပတ်မှုကြောင့် ဧရာဝတီမြစ်ရေသည် နွေကာလ၌ပင် ယခင်ပုံမှန် နွေကာလထက် ၁ ဒသမ ၅ ပေခန့် မြင့်တက်နေမည်ဖြစ်ရာ ဆားငန်ရေဝင်ရောက်မှုကို ပိုမိုကာကွယ်ပေးနိုင်မည်ဖြစ်သည့်အပြင် ရေကြောင်းသွားလာမှုအပိုင်း၌လည်း ပိုမိုကောင်းမွန်စေမည် ဖြစ်သည်။

ရေတားတမံများနှင့် ရေအားလျှပ်စစ်စီမံကိန်းများကြောင့် အဆိုပါ မြစ်/ချောင်းများတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဒေသခံပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို မုချမလွဲ ဧကန်ရရှိနိုင်ကြမည်ဖြစ်သည်-

(က) မြစ်/ချောင်းများကို ယဉ်ပါးမှုရှိလာအောင် ပြုပြင်ပြောင်းလဲနိုင်ခြင်း၊
(ခ) အများပြည်သူတို့အတွက် အကျိုးရှိသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချနိုင်ခြင်း၊
(ဂ) စိုက်ပျိုးသီးနှံများအတွက် ရေကို လိုအပ်သောအချိန်ကာလတွင် လိုသလောက် ထုတ်လွှတ်ပေးနိုင်ခြင်း၊
(ဃ) မြစ်ခြေ(မြစ်အောက်ပိုင်း)တွင် မြစ်ကြောင်းအတွင်း၌ သဲသောင်ပေါ်ထွန်းမှုကို အထိုက်အလျောက် ကာကွယ်ပေးနိုင်ခြင်း၊
(င) မြစ်ရေကြီးမှုမှ ကာကွယ်ပေးနိုင်ခြင်း၊
(စ) ပင်လယ်ဆားငန်ရေဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ခြင်း။

ဧရာဝတီမြစ်ဆုံနှင့်မေခ၊ မလိခမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ကျင်းပပြုလုပ်သည့် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ကချင်ပြည်နယ် မချမ်းဘော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း(ခ) ဦးအင်ထုဖုန်ဆန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီတို့က မေးမြန်းခဲ့ကြရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးက ပြည့်ပြည့်စုံစုံ ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်သည်။

ဧရာဝတီမြစ်ဆုံ၊ မေခ၊ မလိခ၊ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ China Power Investment Coporation(CPI) တို့ ချုပ်ဆိုခဲ့ကြသည်။ MoU အရ စီမံကိန်းဆိုင်ရာ ရေအားအရင်းအမြစ်များအတွက် သိပ္ပံနည်းကျ အဖွဲ့အစည်းတစ်ခု၏ အထောက်အပံ့ရရှိ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် Changjiang Survey, Planning, Design and Research Co.,Ltd. (CDC) သည် ဧရာဝတီမြစ်ဆုံ၊ မေခ၊ မလိခ၊ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံချက် အစီရင်ခံစာ (Planning Report) ကို အပြီးသတ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၈ခုနှစ် မတ်လတွင် CDC သည် မြစ်ကြီးနားအထက်ပိုင်း ဧရာဝတီမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ Term of Reference (TOR) of Environmental Impact Assessment (EIA) Report ကို အပြီးသတ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဇွန်လတွင် အတည်ပြုခဲ့သည်။ ၂၀၀၉ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံ CDCက ဧရာဝတီမြစ်ရှိ မြစ်ဆုံဓာတ်အားပေးစက်ရုံ အထက်ပိုင်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း သုတေသနအစီရင်ခံစာ (Feasibility Research Report) ကို အပြီးသတ်ဆောင်ရွက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်း ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှု အစီရင်ခံစာ (Environmental Impact Report of Hydropower Development in Upper Reaches of Ayeyawady River Report) ဆိုင်ရာ အသေးစိတ်စူးစမ်းလေ့လာမှုကို

လျှပ်စစ်ဝန်ထမ်းတ

CDC၊ Ministry of Water Resources &
Science, Institute of Hydroecology (II
tanical Garden Chinese Academy of Sc
China Institute of Endangered
Biodiversity and Nature Conser
(BANCA) တို့မှ စုစုပေါင်းအဖွဲ့ဝင် ၂၆၀ ပါဝ
အဖွဲ့ဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ ၂၀
ဆောင်ရွက်ခဲ့ကြသည်။ စူးစမ်းလေ့လာရေးအ
နိုင်ငံမှ ကျွမ်းကျင်ပညာရှင် ၁၀၀ ကျော် ပါဝ

အဆိုပါအဖွဲ့က ပြုစုတင်ပြခဲ့သည့် စာ
အစီရင်ခံစာတွင် အောက်ဖော်ပြပါ ကဏ္ဍပေ

(က) နိဒါန်း၊
(ခ) စီမံကိန်းအား ခြုံငုံလေ့လာသုံး
(ဂ) စူးစမ်းလေ့လာခြင်းနှင့် ပတ်ဝန်း
များအား ခွဲခြမ်းစိတ်ဖြာခြင်း၊
(ဃ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုမ
(င) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုက
ခြင်း၊
(စ) လူမှုရေးဆိုင်ရာ ထိခိုက်မှုကို ခ
(ဆ) စံသတ်မှတ်ထားသော ရေအား
ကျင်ဆိုင်ရာ ထိခိုက်မှုကို ခွဲခြ
(ဇ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ‌
ခြင်း၊
(ဈ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဒ
ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊
(ည) လူထု၏ ပူးပေါင်းပါဝင်ဆောင်
(ဋ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း
(ဌ) ဆုံးဖြတ်ချက်များနှင့် အကြံပေ

ဧရာဝတီမြစ်အထက်ပိုင်း ရေအားလျှပ်
ပတ်ဝန်းကျင်ထိခိုက်မှု အစီရင်ခံစာတွင် ရေ
ကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို အေ
သည်-

(က) မြစ်ကြီးနားအထက်ပိုင်း ဧရာဝ
အကောင်အထည်ဖော်ဆောင်ရွ
အင်အား ၁၈၄၀၀ မဂ္ဂါဝပ်ခန့်နှ
နိုင်မည့် ဓာတ်အား ကီလိုဝပ်
ထုတ်လုပ်နိုင်မည်ဖြစ်သည့်အပြင်

ဧရာဝတီမြစ်ဆုံ၊ မေ
လျှပ်စစ်စီမံကိန်းများတွ
ဝူဆောက်၊ ခေါင်လန်ဖူး
ရေအားလျှပ်စစ်စီမံကိန်း
စက်တပ်ဆင်အင်အားမှာ
စီမံကိန်းအားလုံးကို (၁
သွားမည်ဖြစ်သည်။ စီ
ဒေသခံပြည်သူများအနေ
အဆောက်အအုံများဆေ
ခြင်းအပါအဝင် စီမံကိ
လုပ်ငန်းများ၌ ပါဝင်ဆေ
အလမ်းကောင်းများ ရ

ဘ်သည့် စေတနာ

လျှပ်စစ်ဝန်ထမ်းတစ်ဦး

CDC၊ Ministry of Water Resources & Chinese Academy of Science, Institute of Hydroecology (IHE)၊ South China Botanical Garden Chinese Academy of Sciences (SCBG)၊ South China Institude of Endangered Animal (SCIEA)၊ Biodiversity and Nature Conservation Association (BANCA) တို့မှ စုစုပေါင်းအဖွဲ့ဝင် ၂၆၀ ပါဝင်သော စူးစမ်းလေ့လာရေးအဖွဲ့ဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၉ခုနှစ် ဇူလိုင်လအထိ ဆောင်ရွက်ခဲ့ကြသည်။ စူးစမ်းလေ့လာရေးအဖွဲ့တွင် တရုတ်နှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင် ၁၀၀ ကျော် ပါဝင်ခဲ့ကြသည်။

အဆိုပါအဖွဲ့က ပြုစုတင်ပြခဲ့သည့် စာမျက်နှာ ၅၆၉ မျက်နှာပါ အစီရင်ခံစာတွင် အောက်ဖော်ပြပါ ကဏ္ဍပေါင်း ၁၂ ခု ပါဝင်သည်-

(က) နိဒါန်း၊
(ခ) စီမံကိန်းအား ခြုံငုံလေ့လာသုံးသပ်ခြင်း၊
(ဂ) စူးစမ်းလေ့လာခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအား ခွဲခြမ်းစိတ်ဖြာခြင်း၊
(ဃ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ ဖော်ထုတ်ခြင်း၊
(င) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုကို ခန့်မှန်းခြင်းနှင့် ဆုံးဖြတ်ခြင်း၊
(စ) လူမှုရေးဆိုင်ရာ ထိခိုက်မှုကို ခန့်မှန်းခြင်းနှင့်ဆုံးဖြတ်ခြင်း၊
(ဆ) စံသတ်မှတ်ထားသော ရေအားလျှပ်စစ်စက်ရုံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊
(ဇ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု လျော့ပါးအောင်ဆောင်ရွက်ခြင်း၊
(ဈ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအပေါ်တွင် စီးပွားရေးအရ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊
(ည) လူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်ချက်၊
(ဋ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အစီအစဉ်၊
(ဌ) ဆုံးဖြတ်ချက်များနှင့် အကြံပေးချက်များ၊

ဧရာဝတီမြစ်အထက်ပိုင်း ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှု အစီရင်ခံစာတွင် ဧရာဝတီမြစ်ဝှမ်းစီမံကိန်းများကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို အောက်ပါအတိုင်းဖော်ပြထားသည်-

(က) မြစ်ကြီးနားအထက်ပိုင်း ဧရာဝတီမြစ်ဝှမ်းစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စက်တပ်ဆင်အင်အား ၁၈၄၀၀ မဂ္ဂါဝပ်ခန့်နှင့် နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ ၉၉၁၁၀ သန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည့်အပြင် မြစ်ရေလျှံမှု ကာကွယ်ခြင်းလုပ်ငန်းများ၊ ရေကြောင်းသွားလာမှုလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။
(ခ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးနည်းပညာနှင့် စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။
(ဂ) Flood Control အနေဖြင့် စီမံကိန်းများမှ ရေလှောင်ပမာဏ 0.85 billion m^3 ခန့် သိုလှောင်နိုင်မည်ဖြစ်၍ မြစ်ကြီးနားမြို့ မြစ်ရေလျှံခြင်းသည် ငါးနှစ်တစ်ကြိမ် ဖြစ်နိုင်ခြေမှ နှစ် (၂၀)လျှင် တစ်ကြိမ်သာ ဖြစ်နိုင်ခြေသို့ တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။
(ဃ) ရေဝပ်ဧရိယာများအတွင်း ရေကြောင်းသွားလာမှု တိုးတက်လာမည်ဖြစ်သည်။
(င) ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများသည် အခြားကျောက်မီးသွေးဓာတ်အားပေးစက်ရုံများနှင့် နှိုင်းယှဉ်ပါက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် အခြားလေထုညစ်ညမ်းမှုများ လျော့နည်းမည်ဖြစ်ပါသည်။
(စ) ပြန်လည်နေရာချထားခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့ကျစေပြီး ဒေသ၏လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်တို့ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကောင်း/အဆိုး၊ အားသာချက်/အားနည်းချက်များ ဒွန်တွဲလျက်ရှိနေသည်ဖြစ်ရာ ကောင်းကျိုးဖြစ်ထွန်းမှု ပိုမိုများပြားသည့်အခါ၊ အားသာချက်များ ပိုမိုရရှိနိုင်သည့်အခါတွင် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ ဆိုးကျိုးများ၊ အားနည်းချက်များကိုလည်း လျော့ပါးနိုင်သမျှ နည်းပါးစေရေး စီမံဆောင်ရွက်ရသည်။ အဆိုပါ မြစ်ဆုံစီမံကိန်းဆိုင်ရာ Environmental Protection လုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါရည်ရွယ်ချက်နှင့်အချို့လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကာ အချို့ကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်-

(က) ရေအားအဆောက်အအုံများ တည်ဆောက်မှုအား လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်တို့နှင့် ဟန်ချက်ညီစေရေး လေ့လာဆောင်ရွက်ရန်၊
(ခ) ရေအရင်းအမြစ်အား ထိရောက်စွာအသုံးချ၍ ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်ရန်၊
(ဂ) မူလတည်ရှိသည့် Water Quality ကို ထိခိုက်မှု မရှိစေရန်၊
(ဃ) ငါးမျိုးစိတ်များနှင့် အခြားရေသတ္တဝါများ၏ တည်ရှိမှုကို ထိန်းသိမ်းရန်၊
(င) ရေအားအဆောက်အအုံများ တည်ဆောက်မှုကြောင့် ရွှေ့ပြောင်းရမည့် ဒေသခံများနှင့်စပ်လျဉ်း၍ လေ့လာဆောင်ရွက်ပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊
(စ) ဘာသာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့အပေါ် ထိခိုက်မှု မရှိစေရန်၊
(ဆ) သစ်တော၊ လယ်ယာမြေနှင့် သယံဇာတဆုံးရှုံးမှုတို့ကို လျှော့ချနိုင်ရန်၊
(ဇ) စီမံကိန်းဆောင်ရွက်မည့် ဝန်ထမ်းများ၊ လုပ်သားများ၏ ကျန်းမာရေးနှင့် စပ်လျဉ်း၍ အထောက်အကူပြုနိုင်ရန်၊

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံ၊ ခပ္ပါး/အောင်ဂျာယန်၊ ဒေါင်ပန်ရွာ ငါးရွာမှ စုစုပေါင်းအိမ်ထောင်စု ၄၁၀၊ လူဦးရေ ၂၁၄၆ ဦး၏ ပြန်လည်နေရချထားမှုအစီအမံအား နိုင်ငံတော်အစိုးရ၏ အနီးကပ်လမ်းညွှန်မှု၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဒေသခံအာဏာပိုင်အဖွဲ့အစည်းအသီးသီး၏ ဟန်ချက်ညီ ကြီးကြပ်ကွပ်ကဲမှုများဖြင့် ဆောင်ရွက်ခဲ့သည်။ တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံရွာ သုံးရွာအား အောင်မြင်သာစံပြ ကျေးရွာသစ်အဖြစ်လည်းကောင်း၊ ခပ္ပါး/အောင်ဂျာယန်၊ ဒေါင်ပန်ရွာ နှစ်ရွာကို မလိယန်ကျေးရွာသစ်အဖြစ်လည်းကောင်း၊ ယင်းတို့၏ နဂိုရှိရင်းစွဲအဆင့်အတန်းထက် ပိုမိုကောင်းမွန်မြင့်မားစွာ တည်ဆောက်အကောင်အထည်ဖော် နေရာချထားပေးခဲ့ပြီးဖြစ်သည်။ သက်ဆိုင်ရာ စံပြကျေးရွာသစ်များ၏ ရွာလမ်းမများမှာ ကွန်ကရစ်လမ်းမများဖြစ်ပြီး အိမ်ထောင်စုတစ်စုစီ၏ ခြံကွက်များကိုမူ ယင်းတို့မူလနေထိုင်ခဲ့သော မြေအကျယ်အဝန်းပေါ်မူတည်၍ ပေ (၈၀×၆၀)၊ ပေ (၈၀×၈၀)၊ ပေ (၁၀၀×၁၀၀)၊ ပေ (၁၀၀×၁၂၀) ခြံကွက်များအဖြစ် မြေပြုပြင်ပေးလျက် ခြံစည်းရိုးများပါ တည်ဆောက်ပေးခဲ့သည်။

စံပြကျေးရွာသစ်များတွင် စုစုပေါင်း လူနေသစ်သားနှစ်ထပ်အိမ် ၄၁၀ လုံး၊ အထက်တန်းကျောင်းတစ်ကျောင်းနှင့် တိုးချဲ့နှစ်ထပ်ဆောင် တစ်ဆောင်၊ မူလတန်းကျောင်း သုံးကျောင်း၊ ရဲစခန်း တစ်ခု၊ စာတိုက်တစ်ခု၊ မီးသတ်အဆောက်အအုံတွဲလျက် အထွေထွေအုပ်ချုပ်ရေးမှူးရုံး တစ်ရုံး၊ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ဗုဒ္ဓဘာသာ/ခရစ်ယာန် ဘာသာရေးအဆောက်အအုံ လေးလုံးတို့ကို ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ လူနေသစ်သားနှစ်ထပ်အိမ်များမှာ ကချင်တိုင်းရင်းသားရိုးရာပုံစံအိမ်များဖြစ်ပြီး အခြားအဆောက်အအုံများမှာ အခိုင်အမာကွန်ကရစ် အဆောက်အအုံများဖြစ်ကြသည်။ အိမ်အားလုံးအတွက် ရေစနစ်၊ လျှပ်စစ်မီးစနစ်များပါဝင်ပြီး မူလ ၎င်းတို့နေထိုင်ခဲ့သောအဆင့်ထက် များစွာသာလွန်အောင် စီမံဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။ ကျေးရွာများသည် စံပြကျေးရွာအဆင့်ဖြစ်ကြပြီး အသစ်တည်ဆောက်ထားသော မြစ်ကြီးနားနှင့် မြစ်ဆုံသွား လမ်းမကြီး၏ ဘေးတွင်ကပ်လျက်တည်ရှိသဖြင့် မြို့ငယ်တစ်မြို့ကဲ့သို့ အဆင့်မြင့်စွာ ဖြစ်ပေါ်တည်ရှိနေပေရာ ပြောင်းရွှေ့ပြည်သူများအနေဖြင့် ကျေနပ်နှစ်ခြိုက် ဝမ်းသာလျက်ရှိကြကြောင်းကြားသိရသည်။

ထို့ပြင် မူလဒေသခံများ၏ လယ်ယာများနှင့် နှစ်ရှည်သီးနှံပင် အမျိုးမျိုးအတွက်ကိုလည်း ဒေသအာဏာပိုင်များက ညှိနှိုင်းစီမံသတ်မှတ်ပေးထားသည့် ဈေးနှုန်းများအတိုင်း ပေးလျော်ပြီးဖြစ်သည့်အပြင် လယ်ယာများကိုလည်း အသစ်ပြန်လည်ဖော်ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ထို့အတူ မြစ်ဆုံစီမံကိန်း၏ အထက်ဘက် ရေဝပ်ဧရိယာအတွင်းရှိ ကျေးရွာများနှင့် ဒေသခံပြည်သူများအတွက်လည်း ဒေသအာဏာပိုင်များက ညှိနှိုင်း စီစဉ်ပေးသော မြေနေရာများတွင် ဖော်ပြပါအစီအမံများအတိုင်း ကျေးရွာပြည်သူများ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်မြင့်မားသော လူမှုပတ်ဝန်းကျင်ဖြစ်အောင် စနစ်တကျ ဆောင်ရွက်ပေးရန် စီမံထားရှိပြီးဖြစ်သည်။

ကချင်ပြည်နယ်အတွင်း၌ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ဧရာဝတီမြစ်ဆုံ၊ မေခ၊ မလိခ၊ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအပါအဝင် နိုင်ငံတော်၏ နေရာအနှံ့အပြား၌ အကောင်အထည်ဖော်လျက်ရှိသော လျှပ်စစ်စီမံကိန်းများသည် နယ်မြေဒေသအသီးသီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်မှုတို့အတွက် အလွန်အရေးပါ၊ အဓိကကျသော စီမံကိန်းများဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသော ရေရှည်တည်တံ့ခိုင်မြဲမည့် မွန်မြတ်သော အမျိုးသားအမွေအနှစ်များပင် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် **နိုင်ငံတော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းကို ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ကြိုးပမ်းတည်ဆောက်နေသကဲ့သို့ ဓာတ်အားသုံးစွဲသူ တိုင်းရင်းသားပြည်သူများထံသို့အရောက် ဖြန့်ဖြူးပေးပို့သော ဓာတ်အားလိုင်းစနစ်နှင့် ဓာတ်အားခွဲရုံများကိုလည်း တစ်ပြိုင်တည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး ပြည်ထောင်စုတစ်ဝန်းရှိ သဘာဝသယံဇာတများနှင့် ရေခံ၊ မြေခံ အခြေခံကောင်းများကို ထိရောက်စွာအသုံးချ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သားစဉ်မြေးဆက် လက်ဆင့်ကမ်းသုံးစွဲသွားနိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ တီထွင်ကြံဆကာ ပုံဖော်တည်ဆောက်ပေးနေခြင်းဖြစ်သည်။ ဤကဲ့သို့ တည်ဆောက်အကောင်အထည်ဖော်ရာတွင် နယ်မြေဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအကြား ဆူကြံနှိမ့်မြင့် ကွာဟမှုမရှိစေရေး၊ ဒေသအသီးသီး မြန်မြန်ဆန်ဆန် မျှမျှတတ ဖွံ့ဖြိုးစည်ပင်လာစေရေးရည်မှန်းပြီး မွန်မြတ်သည့်စေတနာမှန်ဖြင့် ထာဝရအမွေ လက်ဆင့်ကမ်းပေးနိုင်အောင် ကြိုးပမ်းဖော်ဆောင်နေခြင်းသာဖြစ်ပါကြောင်း** ရေးသားတင်ပြလိုက်ရပါသည်။ ။

ဧရာဝတီမြစ်ဆုံ၊ မေခ၊ မလိခ၊ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် မြစ်ဆုံ၊ ချီဖွေ၊ ချီဖွေငယ်၊ ဝူဆောက်၊ ခေါင်လန်ဖူး၊ ယီနန်၊ ဖီဇော၊ လိုင်ဇာဟူသည့် ရေအားလျှပ်စစ်စီမံကိန်း စုစုပေါင်း ရှစ်ခုပါဝင်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အားမှာ ၁၈၄၉၉ မဂ္ဂါဝပ် ဖြစ်သည်။ စီမံကိန်းအားလုံးကို (၁၅)နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းများတည်ဆောက်မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် ကျောက်၊ သဲထုတ်လုပ်ခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်းအပါအဝင် စီမံကိန်း၏ မြို့ပြအင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနေကြပြီဖြစ်သည်။

ဧရာဝတီမြစ်၏ လအလိုက် ရေစီးဆင်းမှုအခြေအနေ



စစ်တောင်း၊ ရွှေကျင်နှင့် ငဝန်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၈

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (၀ ဒသမ ၈ ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၉၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂၀ စင်တီမီတာ (လေးပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၂၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၄ စင်တီမီတာ (၀ ဒသမ ၈ ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၉ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၉ စင်တီမီတာ (တစ်ပေ)ခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ချင်းတွင်းနှင့်ပဲခူးမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၈

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မော်လိုက်မြို့တွင် ၁၁၅၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ကလေးဝမြို့တွင် ၁၅၄၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၈၅၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့ရုပ်မြင်သံကြား

၉-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ **မနိုင်သောအရှုံး**
၈:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အတီးပြိုင်ပွဲ
၄:၄၀ ၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၃၀ ၈။ မြန်မာ့သမိုင်းဝင်ခံတပ်များ
၅:၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၀ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ရယ်စရာဟာသများ
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **ထမင်းဝိုင်း** ဟိန်းဝေယံ၊ ပုလဲဝင်း (ဒါရိုက်တာ-ထင်ကျော်)

ရေမကြီးမီ ဆောင်ရွက်ရန်အချက်များ

(က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။
(ခ) ရေဘေးမှ လွတ်ကင်းနိုင်သည့် အခိုင်အမာ အဆောက်အအုံများ၊ ကုန်းမြင့်များ ကြိုတင်သတ်မှတ်ထားပါ။ သတ်မှတ်နေရာများသို့ ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။
(ဂ) ရေတွင်ပေါ်နိုင်သည့် ငှက်ပျောပင်ကဲ့သို့ အပင်များ စိုက်ပျိုးထားပါ။
(ဃ) အရေးကြီးစာရွက်စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့် သေချာစွာ ထုပ်ပိုးထားပါ။
(င) အဝတ်အစား၊ အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။
(စ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊ မော်တော်၊ စက်သုံးဆီ စသည်များ ကြိုတင်စီစဉ်ထားပါ။
(ဆ) ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
(ဇ) သရုပ်ပြ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

ရေကြီးခြင်း သတိပေးချက်ရရှိပါက ဆောင်ရွက်ရန်အချက်များ

(က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့် ကုန်းမြေမြင့်သို့ အချိန်မီ ရွှေ့ပြောင်းပါ။
(ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဘောကွင်း၊ လူတစ်ဦးဖက်တွယ်နိုင်သည့် ဝါးပိုးဝါးအဆစ်များ ဆောင်ထားပါ။
(ဂ) ကလေးငယ်များအား ရေစီးတွင် မျောပါမည်စိုး၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။
(ဃ) ရေဘေးအန္တရာယ် သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှ ရှောင်ရှားပါ။
(င) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့် ဒေသများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။

ရေကြီးစဉ် ဆောင်ရွက်ရန် အချက်များ

(က) မြစ်ရေအခြေအနေ သတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။
(ခ) ရေလွှမ်းနေသည့် နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။
(ဂ) ခြောက်လက်မခန့်မြင့်သော ရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲ ဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ဖြတ်လျှောက်ရပါက တုတ်ဖြင့် စမ်းထောက်ပြီးမှ သွားပါ။
(ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို သတိထား ရှောင်ရှားပါ။
(င) လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် လျှပ်စစ်မီးကြိုး/တိုင်များနှင့် ဝေးရာတွင် နေထိုင်ပါ။
(စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့် နေရာများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။
(ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှလုပ်ဆောင်ပါ။ ဝမ်းရောဂါမဖြစ်စေရန် ရေကိုကျိုချက်သောက်ပါ။

ရေကြီးပြီးနောက် ဆောင်ရွက်ရန် အချက်များ

(က) တာဝန်ရှိသူများမှ အန္တရာယ်မရှိကြောင်း ကြေညာမှ အိမ်ကိုပြန်လာပါ။
(ခ) မိသားစုဝင်အားလုံး၊ စုံ၊ မစုံ စစ်ဆေးပါ။
(ဂ) ကျန်းမာရေးအခြေအနေစစ်ဆေးပါ။ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံပို့ပါ။
(ဃ) မိမိအိမ်/ခြံ၊ လမ်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။
(င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာစစ်ဆေးပြီးမှ သုံးစွဲပါ။
(စ) ရေကြီးထားသောကြောင့် လမ်း၊ တံတား၊ အိမ်များ အချိန်မရွေး ပြိုကျနိုင်သည့်အတွက် သတိပြုပါ။
(ဆ) အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေတတ်သဖြင့် သတိပြုပါ။
(ဇ) ရေကို ကျိုချက်သောက်ပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ညောင်လေးပင်မြို့နယ် မြို့မ (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၈ရက်က ကျင်းပရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းက မြို့မ (၄)ရပ်ကွက်ရှိ လုပ်သားပြည်သူ ၁၅၆ဦးတို့ကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်ထံသို့ နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

လားရှိုး-မန္တလေး ရထားလမ်းရှိ တံတားတစ်စင်း မိုင်းဖောက်ခွဲခံရ ချွတ်ယွင်းပျက်စီးမှု အနည်းငယ်သာရှိပြီး ရထားလမ်းကြံ့ခိုင်မှုကို ထိခိုက်မှုမရှိ ရထားများပုံမှန်ပြေးဆွဲလျက်ရှိ

နေပြည်တော် ဩဂုတ် ၈

လားရှိုးမြို့နယ် လားရှိုးဘူတာနှင့် နမ့်မျှော်ဘူတာကြားရှိ လားရှိုး-မန္တလေး ရထားလမ်း မိုင်တိုင်အမှတ်(၅၅၀/၉-၁၀)အကြား အရှည်ပေ ၁၀၀ခန့်ရှိ သံပေါင်ရထားလမ်း တံတားအမှတ်(၆၂၄)၏ တောင်ဘက်ထိပ်၌ မိုင်းခွဲခံထားရသည့် လက္ခဏာများတွေ့ရှိရကြောင်း သတင်းရရှိသဖြင့် တာဝန်ရှိသူများက ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းတွင် အဆိုပါနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သံလမ်းအောက်ရှိ အနောက်ဘက် သံမဏိပေါင်၊ အရှေ့ဘက်သံမဏိပေါင်နှင့် အနောက်ဘက်သံလမ်း သံဖိနပ်အောက်နေရာတို့၌ မိုင်းဖောက်ခွဲခံရမှုကြောင့် ချွတ်ယွင်းပျက်စီးမှုများကို တွေ့ရှိရကြောင်း၊ ယင်းအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ၂၀၀ဂရမ်ရှိ TNT ယမ်းတုံး ငါးပြားပါ တစ်ထုပ်စီကို ရထားသံလမ်း၌ နှစ်နေရာခွဲ၍ ဖောက်ခွဲခဲ့ခြင်းဖြစ်နိုင်သည်ဟု ယူဆရကြောင်း၊ ယင်းသို့ ဖောက်ခွဲခံရသော်လည်း ရထားလမ်း၏ ကြံ့ခိုင်မှုကို ကြီးမားစွာထိခိုက်မှုမရှိဘဲ ရထားများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇူလိုင် ၂၆ ရက်က လေးမျက်နှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်၊ စက်ယန္တရားများအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့်တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးနေမျိုးအောင် ဇူလိုင် ၁၈ ရက်က မြို့အဝင်မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက် နေမှုကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် မုကွဲကျေးရွာ အဝီစိတွင်းရေစက်ရုံနှင့် ရေလှောင်ကန်များ တည်ဆောက်ပြီးစီးမှုကို ဩဂုတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနိုင် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်နေခြည်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရာတော်မြို့အဝင် ဘီးခွန်ကောက်လုပ်ငန်းသတ်မှတ်စည်းကမ်းများနှင့် အညီဆောင်ရွက်ရေး အမှုဆောင်အရာရှိ ဦးခင်မောင်ခ ဇူလိုင် ၂၁ ရက်က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း လမ်းဘေး ဝဲယာ ရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးများ၊ အမှိုက်သရိုက်များ ရှင်းလင်းနေမှုကို ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်း/တင်ဒါချက်များ လပွတ္တာခရိုင်၌ လေလံတင်ရောင်းချ

လပွတ္တာ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းရှိ အင်း/တင်ဒါချက်များ ဒုတိယအကြိမ်လေလံတင်ရောင်းချခြင်း အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမောင်မောင်ကျော်က လေလံရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လပွတ္တာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ဝင်းက အင်း/တင်ဒါစည်းကမ်းနှင့်အညီ ငါးဖမ်းလုပ်ကိုင်ကြရန်နှင့် ရေသယံဇာတထိန်းသိမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် လပွတ္တာခရိုင်အတွင်းရှိ အင်း/တင်ဒါချက်များ၏ ၂၀၁၁-၂၀၁၂ ငါးဖမ်းလုပ်ကိုင်ခွင့် လေလံတင်ရောင်းချပွဲကို ဆက်လက်ကျင်းပသည်။ ယနေ့အထိ လပွတ္တာခရိုင်ရှိ အင်း ၄၈ အင်းနှင့် တင်ဒါချက် ၂၄၂ ချက်အား လေလံတင်ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သစ်ပင်စိုက်ပျိုးပွဲ သာစည်မြို့၌ ကျင်းပ

သာစည် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲနှင့် ကျေးရွာထင်းစိုက်ခင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက်၈နာရီက မင်းလှအုပ်စုကွင်းတွင်ကျင်းပရာ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ရွှေ၊ ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြပြီး သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ အုတ်ကျင်းကျေးရွာတွင် ထင်းစိုက်ခင်းစုပေါင်းစိုက်ပျိုးပွဲကို ကျင်းပရာ အပင်ပေါင်း ၅၄၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ မင်းလှကွင်း ကျေးရွာထင်းစိုက်ခင်း ငါးဧကတွင် အပင်ပေါင်း ၂၇၀၀စိုက်ပျိုးထားပြီး ယင်းကွင်းနှင့် တစ်ဆက်တစ်စပ်တည်း ငါးဧကကို ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး ပြည်မြို့နယ်၌ ညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ကျင်းပရာ အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအောင်သန်းဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

သဘာဝရေပြင်နှင့် စပါးခင်းများအတွင်း ငါးရှဉ့်မျိုးစိုက်ထည့်

မတ္တရာ ဩဂုတ် ၈

ငါးမျိုးများရေရှည်တည်တံ့စေရေးနှင့် ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝရေပြင်များနှင့် စပါးခင်းများအတွင်း ငါးရှဉ့်မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ကျင်းပရာ အခမ်းအနားတွင် မတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သိန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ တောင်သူများက အမှတ်(၂)ရပ်ကွက် ကွင်းအမှတ်(၂၈၂-ခ)အတွင်းရှိ လယ်ကွင်းများနှင့် သဘာဝရေပြင်များအတွင်းသို့ ငါးရှဉ့်သားပေါက်ကောင်ရေ ၅၀၀၀ ခန့်ကို မျိုးစိုက်ထည့်ကြသည်။ **(ဝဲပုံ)**

မျိုးစိုက်ထည့်

အလားတူ ဇူလိုင် ၁၁ ရက် နံနက် ၉နာရီကလည်း မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာ ကွင်းအမှတ် (၂၂၉/၂၂၉-င) အတွင်းရှိ လယ်ကွင်းများနှင့် သဘာဝရေပြင်များအတွင်းသို့ ငါးရှဉ့်သားပေါက်ကောင်ရေ ၅၀၀၀ ခန့်ကို မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပထဝီဆိုင်ရာ အချက်အလက်မြေပုံစနစ် အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၈

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် လုံခြုံရေးဆိုင်ရာစီမံချက်များအတွက် GIS (Geographic Information System) ပထဝီသတင်းအချက်အလက် မြေပုံစနစ် သို့မဟုတ် ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံများဖြင့် သင်ကြားပို့ချသွားမည့် GIS နှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို ဩဂုတ် ၁၃၊ ၁၄၊ ၂၀နှင့် ၂၁ ရက် (စနေ၊ တနင်္ဂနွေ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင်(၁) အခန်း ၄ ၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ လေးရက်)ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင်(၁) အခန်း ၇ မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ မသီတာထွန်းအောင်ထံသို့ အသေးစိတ် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဟသ်ာတမြို့နယ် ရုံးကြီးလမ်း ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်စန္ဒာအေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၈

စာကြည့်တိုက်အဆောက်အအုံသစ် ပြင်ဦးလွင်၌ဖွင့်

ပြင်ဦးလွင်မြို့နယ် ညောင်နီကျေးရွာအုပ်စု ရွှေမြင့်သာကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများစုပေါင်းထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်သော ရွှေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမိုးကျော်အောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညိုလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမိုးကျော်အောင်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသိန်းစိုးတို့က စာကြည့်တိုက်နှင့် ပညာရေးဆက်စပ်မှုအကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်များနှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်း၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် ကျေးရွာရပ်မိရပ်ဖတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်လှူဒါန်းပွဲ မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ ဖြိုးဂုဏ်ရောင်စာကြည့်တိုက်၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက စာအုပ်လှူဒါန်းပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဆွေးနွေးပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးပို့လှူဒါန်းသော သုတ၊ ရသစာအုပ် ၁၂၁ အုပ်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ် ၁၀၈ အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက ကိုယ်စားပေးအပ်လှူဒါန်းရာ စာကြည့်တိုက် အကျိုးတော်ဆောင် ပရဟိတလူငယ်အဖွဲ့မှ ဦးသူရထွန်းက လက်ခံယူပြီး**(အပေါ်ဝဲပုံ)**ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဆွေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပထမအကြိမ် နှလုံးဆေးပညာညီလာခံ

နှလုံးရောဂါကုပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)၏ ပထမအကြိမ် နှလုံးဆေးပညာညီလာခံကို ၂၀၁၁ခုနှစ် အောက်တိုလာလ ၁၄ ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၎င်းညီလာခံတွင် နိုင်ငံတကာမှ နှလုံးဆေးပညာရှင်ဆရာဝန်ကြီးများ လာရောက်ကာ နောက်ဆုံးပေါ်ကုထုံးများနှင့် နည်းပညာများကို ဆွေးနွေးပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။ ၎င်းညီလာခံသို့ တက်ရောက်ရန် စာရင်းသွင်းရမည့်အချိန်ကို ထပ်မံအသိပေးကြော်ငြာမည်ဖြစ်ပါသည်။

ပထမအကြိမ် နှလုံးဆေးပညာညီလာခံကျင်းပရေးကော်မတီ
နှလုံးရောဂါကုပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)

အမည်ပြောင်း

ဦးကျော်မောင် ၁၂/တကန(နိုင်)၀၁၀၃၅၇၏သားဖြစ်သူ လှည်းကူးမြို့၊ အထက သတ္တမတန်း(D)တွင် ပညာသင်ကြားနေသော မောင်စည်သူအောင်အား မောင်လင်းသက်တင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းသက်တင်**

အမည်ပြောင်း

ဦးအောင်ကျော်လင်း၏သား ရွှေဘိုမြို့၊ အထက (၁)၊ သတ္တမတန်း(က)မှ မောင်အောင်ပိုင်စိုးအား မောင်ပိုင်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ပိုင်ပိုင်**

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လော်ကားကျေးရွာအုပ်စု၊ စမ်းချောင်းကြီးကျေးရွာ၊ ဦးသာပို-ဒေါ်သိန်းတို့အမည်ပေါက်ပိုင်ဆိုင်ထားသည့် မြေကွက်အကျယ် (အလျား ပေ ၁၃၀ × အနံ ၅၁ပေ)ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ၏ သားသမီးများဖြစ်ကြသော (၁)ဒေါ်သီသီ ISN ၄၇၁၅၆၅၊ (၂) ဒေါ်သန်းသန်းနွယ် ISN ၁၂၁၇၂၄၊ (၃)ဦးလှကြွယ် ISN ၄၆၃၆၁၃၊ (၄) ဒေါ်တင်တင်နွဲ့ ၉/ပဘန(နိုင်)၀၄၆၀၀၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကွေချောင် ၁၃/လရန(နိုင်)၁၂၁၈၁၅မှ ၂၅-၇-၂၀၁၁ ရက်စွဲပါ မြေနှင့် ဥပစာလက်ရောက်ပေးအပ်ရောင်းချသည့် ကတိစာချုပ်အရ တရားဝင် အပြီးအပိုင်ဝယ်ယူပြီး လက်ရောက်ရရှိပြီးဖြစ်ပါသဖြင့် ဦးကွေချောင်၏ သဘောတူညီချက်မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကွေချောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြလှဲ့ဝင်း (LL.B , D.B.L)
အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃



City bus ကားများ ရောင်းမည်။

၃၀/...(၁)စီး၊ ၂၀/...(၃)စီး } Mitsubishi 22

လေအိတ်ထိုင်ခုံများ တပ်ဆင်ထားသည်။

ခရီးဝေးလုပ်ငန်းများနှင့် ဘုရားဖူးလုပ်ငန်းများအတွက် အဆင်ပြေသည်။

အမည်ပေါက်၊ အခွန်ရှင်း

ဖုန်း-၀၉-၅၁၅၆၉၆၂၊ ၆၃၆၅၉၁

အိမ်အမြန်ရောင်းမည်

တက္ကသိုလ်ရိပ်သာလမ်းသစ်၊ စိမ်းလဲ့ရိပ်သာ၊ မြေညီထပ်၊ ပရိဘောဂစုံ၊ ဖုန်းပါ၊ Sq 35 × 70 ဗဟန်းမြို့နယ်။

ဖုန်း- ၀၉-၇၃၁၁၆၉၀၅

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အထက (၇) မှ ၂၀၁၁ တက္ကသိုလ်ဝင်တန်းအောင် ခုံအမှတ် မရမ-၄၈မှ မယမင်းကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၅/စကန(နိုင်)၀၄၉၀၂၇ဖြစ်ပါကြောင်း။ **ဦးစိုးနိုင်**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန့်ဇင်၏နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ၆/မအရ(နိုင်)၀၆၁၉၁၄ နှင့် ယာဉ်မောင်းလိုင်စင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၁၁၉၅၉**

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ် အထက(၁) နဝမတန်း(A)မှ မောင်လှမျိုးထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်း အရ ဦးမြင့်အေး ဖြစ်ပါသည်။

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

သတင်းမှတ်စုနှင့် ဓာတ်ပုံ တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၈

၂၀၁၁ ခုနှစ် (၁၇)ကြိမ် မြောက်တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိစေရေးနှင့် ထူးချွန်ထက်မြက်သော ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လူသစ်တန်း ပိုက်ကျော်ခြင်းအဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တတိယနေ့ပွဲစဉ် ပိုက်ကျော်ခြင်း အဖွဲ့လိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ သဃ်န်းကျွန်းမြို့နယ်က စမ်းချောင်းမြို့နယ်ကို နှစ်ပွဲပြတ်၊ ဒေါပုံမြို့နယ်က တာမွေမြို့နယ်ကို နှစ်ပွဲပြတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်က ကျောက်တံတားမြို့နယ်ကို နှစ်ပွဲပြတ်၊ တိုက်ကြီးမြို့နယ်က ကမာရွတ်မြို့နယ်ကို နှစ်ပွဲပြတ်၊ မြောက်ဥက္ကလာပမြို့နယ်က ဗဟန်းမြို့နယ်ကို နှစ်ပွဲပြတ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က သာကေတမြို့နယ်ကို နှစ်ပွဲပြတ်၊ သန်လျင်မြို့နယ်က မရမ်းကုန်းမြို့နယ်ကို နှစ်ပွဲပြတ်၊ အလုံမြို့နယ်က သုံးခွမြို့နယ်ကို နှစ်ပွဲပြတ်၊ ကြည့်မြင်တိုင်မြို့နယ်က ဒေါပုံမြို့နယ်ကို နှစ်ပွဲပြတ်၊ ပန်းဘဲတန်းမြို့နယ်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ကို နှစ်ပွဲပြတ်၊ သန်လျင်မြို့နယ်က ကျောက်တံတားမြို့နယ်ကို နှစ်ပွဲပြတ်၊ လမ်းမတော်မြို့နယ်က ကျောက်တံတားမြို့နယ်ကို နှစ်ပွဲပြတ်၊ စမ်းချောင်းမြို့နယ်က ကမာရွတ်မြို့နယ်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ (အပေါ်ယာပုံ)

ဆက်လက်ယှဉ်ပြိုင်

ဩဂုတ် ၉ ရက်တွင် ရှုံး/ထွက်ပွဲစဉ်များအဖြစ် သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်၊ လသာမြို့နယ်နှင့် သန်လျင်မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် အလုံမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် လှိုင်သာယာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၈

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော် အားကစားကွင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက အားကစားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်းတွင် အလုပ်သမားဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၉ ရက်ပွဲစဉ်များအဖြစ် အမှတ်(၂)နေပြည်တော် အားကစားကွင်းတွင် (ဃဃ)အုပ်စုမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မိုးရွာသွန်းမှုများ ၈-၈-၂၀၁၁

တောင်ကုတ်မြို့	၇ ဒသမ	၉၉ လက်မ
မာန်အောင်မြို့	၇ ဒသမ	၉၉ လက်မ
ကလေးဝမြို့	၇ ဒသမ	၇၂ လက်မ
စစ်တွေမြို့	၆ ဒသမ	၈၉ လက်မ
သံတွဲမြို့	၆ ဒသမ	၇၇ လက်မ
ကျောက်ဖြူမြို့	၆ ဒသမ	၀၃ လက်မ

(၄၄)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားနှင့် အာဆီယံအလံစတင်လွှင့်ထူခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၈

(၄၄)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားနှင့် အာဆီယံအလံ စတင်လွှင့်ထူခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် အာဆီယံ အဓိက မဏ္ဍိုင်ကြီး (၃)ခု ကိုယ်စားပြု ဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာ အာဆီယံအလံကို နံနက် ၈ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အလံတိုင်၌ အာဆီယံသီချင်းဖြင့် လွှင့်ထူကြသည်။ ဆက်လက်၍ (၄၄)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အာဆီယံနေ့အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားပြီး အာဆီယံနေ့အထိမ်းအမှတ် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံအသင်းကြီးသည် တိုးတက်အောင်မြင်မှုများရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် စတင်အာဏာသက်ဝင်လာသည့် အာဆီယံပဋိညာဉ်စာတမ်းအရ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများဖြင့် စနစ်တကျ ဖွဲ့စည်းထားသော ဒေသအဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ပြောင်းလဲရောက်ရှိလာခဲ့ကြောင်း၊ အာဆီယံအသိုက်အဝန်းတစ်ရပ်ကို ၂၀၁၅ ခုနှစ်တွင် ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ***စာမျက်နှာ ၄ ကော်လံ ၅*** ✻

အာဆီယံအလံ စတင်လွှင့်ထူခြင်း အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပစဉ်။ (သတင်းစဉ်)